မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်အသွယ်သွယ်ကို သတိ ဝီရိယရှိစွာဖြင့် ဆန့်ကျင်ကာကွယ်သွားရန်လို

တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အား ခိုင်မာတောင့်တင်း၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံ ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေခြင်းကို မနာလို မရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် နှောင့်ယှက်ဖျက်ဆီးနေကြရာ ယင်းအန္တရာယ်အသွယ်သွယ်ကိုလည်း တိုင်းရင်းသားပြည်သူအားလုံးက သတိ ဝီရိယရှိစွာဖြင့် ဆန့်ကျင်ကာကွယ်သွားရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲလျက်ရှိရာ မကြာမီပြီးစီးတော့မည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ခုနှစ် မေလတွင် ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ကြေညာချက်အမှတ် ၂/၂၀၀၈ ကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၉ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၁/ ၂၀၀၈)

၁၃၆၉ခုနှစ်၊ တပို့တွဲလဆန်း ၃ရက်
(၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်)

၁။ နိုင်ငံတော်တွင် ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်သဖြင့် ၁၉၉၃ခုနှစ်တွင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရပါသည်။ ထို့နောက် ၂၀၀၄ခုနှစ်တွင် ပြန်လည်ခေါ်ယူကျင်းပခဲ့ရာ ၂၀၀၇ခုနှစ်၌ အောင်မြင်စွာပြီးစီးခဲ့ပါသည်။

၂။ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့ စသည့် အစုအဖွဲ့ပေါင်း(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော် တက်ရောက်ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

၃။ အဆိုပါ ကိုယ်စားလှယ်များတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုပေါင်းတစ်ရာကျော်တို့ကို ကိုယ်စားပြုသည့် မြို့နယ်တိုင်းမှ ကိုယ်စားလှယ်များစုံညီစွာ တက်ရောက်ခဲ့ကြပါသည်။ ထို့အတူ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်တက်ရောက်ခွင့် ပြုခဲ့ပါသည်။

၄။ အဆိုပါ အမျိုးသားညီလာခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၂/၂၀၀၇ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်သည် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကျော်ဖုံးသို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်)

နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ထိရောက်စွာ အသုံးချဆောင်ရွက်

နိုင်ငံတော်က ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံတွင် အခြေခံအဆောက်အအုံများစွာကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။

တမူး-ကလေး-ကလေးဝ ကားလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် တမူးမြို့နှင့်ကလေးမြို့ နေ့ချင်းပြန်ခရီးပေါက်နေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်း၊ နယ်မြေတည်ငြိမ်အေးချမ်းလာခြင်းနှင့် တရားဥပဒေ စိုးမိုးလာခြင်းတို့ကြောင့် တမူးမြို့သည် အခြားနယ်စပ် မြို့များကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်သည်။

တမူးဒေသသည် တစ်ဖက်နိုင်ငံ၏ ကြီးမားသောဈေးကွက်နှင့် နီးကပ်စွာ တည်ရှိနေသည့်အတွက် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေခံပြီး ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများ ရှာကြံဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကုန်သည်ကြီးများအနေဖြင့် ကုန်သည်အဖွဲ့အစည်းချင်း ဆက်သွယ်ညှိနှိုင်းပြီး အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ကြိုးစားသွားကြရမည် ဖြစ်သည်။ ထို့အပြင် တရားဝင်ကုန်သွယ်မှုများ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည့်အပြင် ဝန်ထမ်းများကလည်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်သည်။

နိုင်ငံတော်၏ မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးပမ်းဖော်ဆောင်ခဲ့မှုကြောင့် နယ်စပ်ဒေသများ အေးချမ်းတည်ငြိမ်လာသည်။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် စဉ်ဆက်မပြတ် ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများအနေဖြင့် အခြေခံကောင်းများကို ထိရောက်စွာအသုံးချပြီး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သန်လျင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ဦးဆောင်မှုဖြင့် စေတီတော်မြတ်ဂေါပကအဖွဲ့ကကြီးမှူး၍ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ ကိုးရက်တိုင်တိုင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ ထမနဲထိုးပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ ဈေးပွဲတော်၊ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် ပွဲတော်ကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တည်းခိုနေထိုင်ရေး စီစဉ်ထားရှိပြီး ပွဲတော်ရက်များအတွင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့မှ မော်တော်ယာဉ်များ ကြိုပို့ပြေးဆွဲသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ ဖုန်း-၀၅၆-၂၁၁၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အကျော်ဇေယျပဿထစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

နေပြည်တော် ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့သည် ဖေဖော်ဝါရီ ၃ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပသည့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု ဘုရားကြီးကျေးရွာရှိ အကျော်ဇေယျပဿထစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး(အပေါ်ပုံ) သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် ဆရာတော်ကြီးများက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဩဝါဒကထာ ချီးမြှင့်ကြကြောင်းသိရသည်။ (သတင်းစဉ်)

ရိုးရာအစားအစာ ဧည့်ခံကျွေးမွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ဓနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ် ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ဓနုတိုင်းရင်းသား ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ကြရန်နှိုးဆော်

အခမ်းအနားသို့ ဓနုတိုင်းရင်းသား မိသားစုအသင်းမှ အသင်းသူ၊ အသင်းသားများ၊ မိသားစုဝင်များ သိုက်သိုက်ဝန်းဝန်းတက်ရောက်ကြရန် နှိုးဆော်ထားကြောင်းနှင့် ရိုးရာအစားအသောက်ဖြစ်သောကောက်ညှင်းပေါင်း၊ အကြော်၊ အခါးရည်နှင့် ယာဂုနီဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မိဘများဖြစ်ကြသော ဦးခွေးလေး-ဒေါ်ညွန့်၊ဒေါ်မာစီတို့အားရည်စူး၍ အမှတ် ၆၀၄ တတိယထပ် ကမ်းနားလမ်း (၂)ရပ်ကွက် လမ်းမတော်နေ ဒေါ်ခင်လှရီ၊ဒေါ်တင်တင်မြင့်၊ မောင်ဖိုလ်ဖိုလ်၊ ဒေါ်စောငွေး မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၈ရက်က အမက (၈)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပညာရည်ချွန်ဆုပေးပွဲတွင် ဘက်စုံထူးချွန် ဒုတိယဆုရ သူငယ်တန်းမှ မောင်ကိုကိုဇော်ဝဏ္ဏအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မေ့မေတ္တာ**
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အနုပညာဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလိုင်းနှင့်အတူ** (အပိုင်း-၁၈)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ **ပဟေဠိနန်းတော်**
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၂)

မြောက်ဥက္ကလာပ အလက(၁)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

အလက(၁)မြောက်ဥက္ကလာပ(ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက (၁၉၆၀ ပြည့်နှစ်မှ ၂၀၀၇ခုနှစ်)အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် ကျောင်းရှိ ၄ဝါဆောင်၌ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးသန်းထွန်းတင့် (ကျောင်းဖုန်း) ၀၁-၆၉၉၃၆၃၊ ဦးခင်ဇော် ဖုန်း-၀၉-၅၁-၆၂၁၄၊ ဦးစံအေး ဖုန်း-၆၉၉၄၄၁၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၀-၀၈၄၇၅၊ ဦးမျိုးထွဋ် ဖုန်း-၇၂၆၃၁၈၊ ဦးမြင့်ဆန်း ဖုန်း-၆၉၉၅၈၅၊ ဦးမောင်မောင်စိုး ဖုန်း-၆၉၀၃၃၄၊ ကိုသိန်းစိုး ဖုန်း-၆၅၁၉၈၆၊ ကိုဇော်မင်း ဖုန်း-၆၉၀၃၃၁၊ မမြင့်မြင့်ချို ဖုန်း-၀၉-၅၀-၀၆၄၃၃၊ မဝင်းချိုချို ဖုန်း-၇၀၀၇၂၂၊ မချောရတနာသန်း ဖုန်း-၇၀၄၂၁၃၊ မယဉ်သူ ဖုန်း-၇၂၆၇၁၂၊ မနန်းနွယ်ဦး ဖုန်း-၀၉-၅၂-၃၀၇၅၇၊ ကိုဝင်းဗိုလ် ဖုန်း-၀၉-၅၁-၈၀၉၈၅၊ ဒေါက်တာ ခင်မောင်ဝင်း ဖုန်း-၃၉၀၂၇၀(ခရမ်း) နှင့် ကိုမြငွေးအောင် ဖုန်း-၀၉-၅၁-၄၂၂၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

သင်္ခါရကို သိမြင်ဆင်ခြင်ပါ

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့၊ မဆင်ခြင်ဘဲ ခိုက်ရန်ပွားကုန်၏။

ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ၊ သင်္ခါရကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကိုမတုဘဲ ခိုက်ရန်ငြိမ်းအောင် ပြုမူနေထိုင်ကြကုန်၏။

(ဓမ္မပဒ ၆)

ကုသိုလ်လည်းရ၊ ဈေးနှုန်းလည်းသက်သာစေမည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုစာအုပ်ရောင်းပွဲ

ကုသိုလ်သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၉

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီ၌ စတင်ဖွင့်လှစ် ရောင်းချနေပြီဖြစ်သည်။

ဖေဖော်ဝါရီ ၉ရက်မှ၁၇ရက် အထိ နံနက် ၉နာရီမှ ညနေ ၅နာရီ အထိ ခင်းကျင်းပြသရောင်းချမည့်

"စာအုပ်ရောင်းပွဲ နောက်ဆုံးနေ့မှာ ကျေးလက်စာကြည့်တိုက်တွေကို စာအုပ်တွေ လှူဒါန်းသွားမယ်"
ဦးသိန်းအောင်(အတွင်းရေးမှူး)
စာအုပ်ဈေးရောင်းပွဲကျင်းပရေး ကော်မတီ

စာအုပ်ဈေးပွဲတော်ကိုမည်သို့ ခင်းကျင်းရောင်းချသည်ကိုသိရှိနိုင်ရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ ကျင်းပရေးကော်မတီနှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ရပါသည်။

ရည်ရွယ်ချက်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တွေ့ဆုံကာ စာအုပ်ဈေးရောင်းပွဲကျင်းပရမှု၏ ရည်ရွယ်ချက်ကို မေးမြန်းရာ **"အခု ၂၀၀၈ ခုနှစ်ဟာ ဘွားဦးဖွန်း တည်ထောင်ခဲ့တဲ့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရဲ့ (၇၅) နှစ်မြောက် စိန်ရတုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်နှစ်လုံး စိန်ရတုအထိမ်းအမှတ်ပွဲတွေ ဆင်နွှဲသွားမှာပါ။ ပြီးခဲ့တဲ့လ ဇန်နဝါရီ ၁ရက်တုန်းက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အပါအဝင် ဆရာတော်၊သံဃာတော်**

"စာအုပ်ဆိုင်ပေါင်း ၅၃ဆိုင် ခင်းကျင်းရောင်းချနေပါတယ်"
ဦးကြိုင်မြင့်(အဖွဲ့ဝင်)
စာအုပ်ဈေးရောင်းပွဲကျင်းပရေး ကော်မတီ

၇၅ ပါးကို လှူဖွယ်ပစ္စည်းတွေ လှူဒါန်းတဲ့ ပွဲပြုလုပ်ခဲ့ပါတယ်၊ အဲဒါက စိန်ရတုနှစ်အစ ပြုလုပ်တဲ့လှူဒါန်းပွဲပါ၊ ဒုတိယပွဲကတော့ စာပေဟောပြောပွဲပြုလုပ်ခဲ့တာဖြစ်ပြီး အခု တတိယမြောက် စိန်ရတုအထိမ်းအမှတ်ပွဲအဖြစ် စာအုပ်ရောင်းပွဲ ကျင်းပခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီလို စိန်ရတု အထိမ်းအမှတ်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် သက်ကြီးရွယ်အိုတွေ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ အများပြည်သူတွေ ပါဝင် ဆောင်ရွက်လာနိုင်အောင် ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

လှူဒါန်းမည်

ထို့အတူ စိန်ရတုစာအုပ်ရောင်းပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းအောင်ကလည်း **"နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အခုအချိန်အထိ တည်တံ့အောင် မြန်မာ့အလင်းဦးတင်က ကြိုးစားဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးရှိတယ်။ မီဒီယာကျေးဇူးတွေအများကြီးရှိပါတယ်။ အခုစာအုပ်ရောင်းပွဲ နောက်ဆုံးနေ့မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျေးလက်စာကြည့်တိုက်တွေကို စာအုပ်တွေလှူဒါန်းပါ့မယ်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာရှိတဲ့ စာကြည့်တိုက်က တချို့စာအုပ်တွေ အပါအဝင် နီးစပ်တဲ့ပုဂ္ဂိုလ်တွေထံက အလှူခံပြီး ရတဲ့စာအုပ်တွေနဲ့ ဒီစာအုပ်ဈေးပွဲက ရောင်းချတဲ့စာအုပ်တွေပါ ဝယ်ယူပြီးလှူဒါန်းသွားမယ်။ ဒါကလည်း စိန်ရတုအထိမ်းအမှတ်ပါ"**ဟု မြန်မာ့အလင်းကိုရှင်းပြသည်။

ထို့နောက် စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ **"ဒီစာအုပ်ဈေးရောင်းပွဲမှာ စာပေတိုက်နဲ့ စာအုပ်ရောင်းဆိုင်ပေါင်း ၅၃ဆိုင်ရှိပြီး ဒီဆိုင်တွေအားလုံးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာက အကုန်တာဝန်ယူ တည်ဆောက်ပေးတာဖြစ်ပါတယ်။ ရေမီးက အစ စီစဉ်ပေးထားတာမို့ စာအုပ်ရောင်းဆိုင်တွေအနေနဲ့ အသင့်လာရောက်ရောင်းချနိုင်အောင် စီစဉ်ပေးထားပါတယ်။ စာအုပ်ဆိုင်တွေကလည်း ကုသိုလ်ယူတဲ့ပွဲအနေနဲ့ စာအုပ်ဈေးနှုန်းတွေ လျှော့ချရောင်းချပေးနေပါတယ်။ ဒါ့အပြင် စာအုပ်ဆိုင်တွေကလည်း အလှူငွေထည့်ဝင်ကြတာမို့ လာဝယ်တဲ့သူတွေဟာ ဈေးနှုန်းသက်သာတဲ့ စာအုပ်တွေရရှိ**

"စာအုပ်ဈေးနှုန်းတွေ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချရောင်းပေးမှာပါ"
မဆုရွှေလဲ့
ကံ့ကော်ဝတ်ရည်စာပေ

နိုင်တဲ့အပြင် ကုသိုလ်လည်းရရှိပြီး ဖြစ်သွားမှာပါ။ ဒါ့အပြင် စာအုပ်ဈေးရောင်းပွဲလာသူတွေအတွက် သက်သာစားသောက်ဆိုင်ကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေပါတယ်။ စာအုပ်လာဝယ်သူတွေနဲ့ လာရောက်လေ့လာသူတွေအတွက် ဝင်ကြေးလည်းမရှိပါဘူး"ဟု ရှင်းပြသည်။

စည်စည်ကားကား

ထို့နောက် စာအုပ်ရောင်းပွဲ၌ ခင်းကျင်းပြသ ရောင်းချနေသော

ဝါမိုးအောင်စာပေမှ ဖွင့်လှစ်ရောင်းချပေးသော စာအုပ်ဆိုင်၏ အခင်းအကျင်း။

"ဒီလို စိန်ရတုအထိမ်းအမှတ်ပွဲတွေ တစ်နှစ်လုံးပြုလုပ်သွားမှာပါ"
ဦးအောင်သန်း(ဥက္ကဋ္ဌ)
စာအုပ်ဈေးရောင်းပွဲကျင်းပရေး ကော်မတီ

စာအုပ်ဆိုင်များဘက်သို့ လေ့လာခဲ့ရာ ဝါမိုးအောင်စာပေ၊ အားမာန်သစ်စာပေ၊ အောင်နိုင်စာပေ၊ ပြည့်စုံစာအုပ်တိုက်၊ ဇော်စာပေ၊ ကံ့ကော်ဝတ်ရည်စာပေ၊ ဒိုင်းခင်ခင်စာပေနှင့် ပုဂံစာအုပ်တိုက်စသည့် အရောင်းဆိုင်များကို စည်စည်ကားကားတွေ့ရသည်။

စာအုပ်ဆိုင်တိုင်းတွင် ရှားပါးစာအုပ်များ၊ သမိုင်းစာအုပ်များ၊ အဘိဓာန်၊ သုတ၊ ရသ၊ ဟာသစာအုပ်များကို ဆိုင်များအပြည့် ခင်းကျင်းရောင်းချလျက်ရှိသည်။ ဆိုင်တိုင်း၌ စာအုပ်များပြည့်လျှံနေအောင်ခင်းကျင်းပြသထားသဖြင့် စာအုပ်ရွေးချယ်ဝယ်ယူသူများ အကြိုက်ပင်ဖြစ်သည်။ ထို့နောက် ကံ့ကော်ဝတ်ရည်စာပေ စာအုပ်ဆိုင်မှ မဆုရွှေလဲ့ကို စာအုပ်ခင်းကျင်းထားမှုနှင့် ပတ်သက်ပြီး မေးမြန်းရာ **"ဆိုင်မှာတော့ သုတ၊ ရသနဲ့သမိုင်းစာအုပ်တွေ အများဆုံး ခင်းကျင်းထားပါတယ်။ လာဝယ်သူတွေအတွက် ၁၀ရာခိုင်နှုန်း၊ တချို့စာအုပ်တွေဆို ၁၅ရာခိုင်နှုန်းအထိ လျှော့ဈေးနဲ့ရောင်းပေးပါပြီ၊ စာအုပ်အမျိုးအစားကတော့ စုစုပေါင်း ၁၀၀ ကျော်လောက်ရှိပါတယ်"**ဟု ပြောကြားသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာစိန်ရတုအထိမ်းအမှတ် စာအုပ်ရောင်းပွဲသည် ကုသိုလ်လည်းရ၊ ဈေးနှုန်းလည်းသက်သာသော စာအုပ်များရရှိနိုင်သဖြင့် သွားရောက်ဝယ်ယူအားပေးသင့်ပါကြောင်း ကုသိုလ်သတင်း ဖြန့်ဝေပေးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ခန္ဓာဝန်ချ နှစ်(၁၀၀)ပြည့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရောဝတီတိုင်း ဇလွန်မြို့ တောရဘုန်းတော်ကြီး ဦးသီလ၏ ခန္ဓာဝန်ချနှစ်(၁၀၀)ပြည့်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ တရားပွဲဓမ္မသဘင်အစီအစဉ်ဖြင့်လည်းကောင်း၊ ၁၉ ရက်မှ ၂၀ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ညပိုင်းတရားပွဲများဖြင့်လည်းကောင်း၊ ၂၁ ရက်တွင် ဘုန်းတော်ကြီး၏ ဂုဏ်ကိုချီးကျူးပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်းနှင့် ၂၁ ရက်မှ ၂၅ ရက်အထိ ဇလာပွဲများဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ပင့်သံဃာ ၁၀၈ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်ပူဇော်မည်ဖြစ်ရာ ဦးသီလဓာတ်တော်စေတီဂေါပကအဖွဲ့ ဦးငွေသန်း(ဇလွန်)ဖုန်း-၀၄၄-၂၂၂၃၇၊ ရန်ကုန် ဖုန်း-၀၉၅-၀၄၈၄၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာစုပရိယတ္တိစာသင်တိုက်၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းတို့ကို ဧပြီ ၂၄ ရက်မှ ဇွန် ၃ ရက်အထိ ရက်ပေါင်း ၄၀ တိုင်တိုင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော သံဃာတော်များသည် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း-၀၁-၅၁၀၅၆၆ သို့ ဆက်သွယ်နိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားထုတ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခန်းမလမ်းကတ္တရာခင်း

ရန်ကုန် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ခန်းမလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၄ ရက်က ဦးစီးအရာရှိ ဦးစိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အီဂျစ် ရှေးဟောင်းပစ္စည်းများအား ခိုးယူသူ အမေရိကန်စစ်ဘက်လေယာဉ်မှူး ဖမ်းဆီးခံရ

နယူးယောက် ဖေဖော်ဝါရီ ၉

အီဂျစ်နိုင်ငံမှ ရှေးဟောင်းပစ္စည်းများစွာကို ခိုးယူကာ အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်ရှိ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်ပြုလုပ်သူ တစ်ဦးထံ ရောင်းချခဲ့သော အမေရိကန်စစ်ဘက် လေယာဉ်မှူးတစ်ဦးသည် စစ်ဆေးမှုများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက် အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

ခိုးယူ

အက်ဝပ်ဂျွန်ဆင် အမည်ရှိ အမေရိကန်စစ်ဘက် လေယာဉ်မှူးအား ဖေဖော်ဝါရီ ၆ရက်က ဖမ်းဆီးခဲ့ပြီး တရားရုံး၌ အမှုရင်ဆိုင်ရမည်ဖြစ်သည်။ အက်ဝပ်ဂျွန်ဆင်သည် ၂၀၀၂ခုနှစ် စက်တင်ဘာလက ကိုင်ရိုမြို့သို့ ရောက်ရှိစဉ် ရှေးဟောင်းပစ္စည်းများကို ခိုးယူခဲ့ခြင်းဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာ

အက်ဝပ်ဂျွန်ဆင်အနေဖြင့် အဆိုပါ ရှေးဟောင်းပစ္စည်းများကို ကိုင်ရိုမြို့အနီး မာရာဒီအမျိုးသားပြတိုက်မှ ခိုးယူခဲ့ခြင်းဖြစ်သည်။ ယင်းရှေးဟောင်းပစ္စည်းများမှာ ရှေးနှစ်ပေါင်းများစွာက အနုပညာလက်ရာပစ္စည်းများ ဖြစ်သည်။

ရှေးဟောင်းပစ္စည်းဝယ်ယူသူကလည်း ယင်းရှေးဟောင်းပစ္စည်းကို နယူးယောက်၊ လန်ဒန်၊ ဇူးရစ်နှင့် မွန်ထရီရယ်မြို့များရှိ ရှေးဟောင်းပစ္စည်းစုဆောင်းသူများထံ ရောင်းချခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စိန့်လူဝီမြို့တော်ကောင်စီ အစည်းအဝေး သေနတ်သမားပစ်ခတ်၊ ခြောက်ဦးသေဆုံး

စိန့်လူဝီ ဖေဖော်ဝါရီ ၉

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် စိန့်လူဝီမြို့တော်ကောင်စီ အစည်းအဝေးသို့ သေနတ်သမား တစ်ဦး ဝင်ရောက်ပစ်ခတ်သဖြင့် ငါးဦးသေဆုံးခဲ့သည်။ သေနတ်သမားကိုလည်း ပစ်သတ်လိုက်ရသည်ဟု အာဏာပိုင်များကပြောကြားသည်။

ပစ်သတ်

သေနတ်သမားသည် မြို့တော်ဝန်ကိုပစ်မည်ဟု အော်ဟစ် ဝင်ရောက်လာပြီး သေနတ်ဖြင့် ပစ်ခတ်သည်။ ၄င်းအား ရဲတပ်ဖွဲ့ဝင်များက မပစ်သတ်မီ သူက ရဲအရာရှိ နှစ်ဦးနှင့် အခြားသုံးဦးကို ပစ်သတ်လိုက်သည်ဟု သိရသည်။

ဒဏ်ရာရရှိ

ကတ်ဝုဒ်ဆင်ခြေဖုံးရှိထိုအဆောက်အအုံကို သက်ဆိုင်ရာ အာဏာပိုင်များက ဝိုင်းထားကြောင်း၊ မြို့တော်ကောင်စီအစည်းအဝေးသို့ လူ ၃၀ခန့် တက်ရောက်လျက်ရှိရာ မြို့တော်ဝန် ဒဏ်ရာရရှိသွားကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

သတိလက်လွတ် ကလေးငယ်ကို သိပ်ထားလျှင်...

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဖေဖော်ဝါရီ ၈ရက်က ခြောက်လသားအရွယ် ကလေးငယ်တစ်ဦး မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟာနန်ဂရက်ဖ်အမည်ရှိ အသက် ၃၈ နှစ် အရွယ် အမျိုးသမီးတစ်ဦးသည် ခြောက်လအရွယ်သားငယ်ကို အိပ်ရာပေါ်၌သိပ်ထားခဲ့ပြီး မီးဖိုချောင်၌ ထမင်းဟင်းများချက်ပြုတ်နေခဲ့သည်။ အလုပ်ပြီးစီး၍ကလေးငယ်ကို လာရောက်ကြည့်ရှုသောအခါ ခေါင်းအုံးပိပြီး စောင်များနှင့်ထွေးလုံးရစ်ပတ်ကာ သေဆုံးနေသော သားငယ်ကို တွေ့ရှိလိုက်ရသဖြင့် မူးမေ့မတတ်ခံစားကြေကွဲ ငိုကြွေးခဲ့ရသည်။ ထို့ကြောင့် လသားအရွယ်ကလေးငယ်များအား စောင်ထူထူများ၊ ခေါင်းအုံးအပိုများအနီး၌ ထားရှိမသိပ်ရန် သတိပြုဆင်ခြင်သင့်သည်မှာ ဤဖြစ်ရပ်က သင်ခန်းစာပေးလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

နိုင်ငံတကာမှခင်းဖြစ်ရပ်

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့ သည်

ဣတ္ထိယမုဆိုး ကြမ္မာညှိုးပြီထင့်

အစ်ဝစ်ချ် မြို့ကလေးသည် အင်္ဂလန်နိုင်ငံ အရှေ့ပိုင်းရှိ မြစ်ဆိပ်ကမ်းမြို့ကလေးဖြစ်ပြီး သာယာလှပလေသည်။ လူဦးရေ နှစ်သိန်းကျော်သာရှိသည်။ မြို့ငယ်ဖြစ်သဖြင့် အေးချမ်းဆိတ်ငြိမ်သည်။

လုပ်ကျွေးချင်

အစ်ဝစ်ချ်မြို့ကလေးသည် မြစ်ဆိပ်ကမ်းမြို့ဖြစ်သည့် အလျောက် ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်ငန်းထွန်းကားသည်။ ထိုမြို့တွင် နေထိုင်သူ အသက် ၄၉နှစ်အရွယ်ရှိ စတိဗ်ရိုက်ထ်(**ယာအပေါ်ပုံ**)သည် အရွယ်ရောက်စဉ်ကပင် ယင်းဆိပ်ကမ်းတွင် ဝန်ပင့်ယာဉ်မောင်းသော အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ပညာတတ်ဖြစ်စေချင်သော မိဘများ၏ ဆန္ဒကို မဖြည့်ဆည်းနိုင်ခဲ့ပေ။ စတိဗ်သည် ပညာရေးဆုံးခန်းတိုင်အောင် မသင်ယူချင်ခဲ့သော်လည်း အလုပ်ကို ကြိုးစားပြီး ငွေကြေး စုဆောင်းကာ မိဘကျေးဇူးကို အထူး သိတတ်ပြန်လည်ပေးဆပ်ခဲ့လေသည်။ မိဘများက တစ်ဦးတည်းသောသား စတိဗ်၏ ရှေ့ရေးကိုတွေးကာ သူ ၃၄နှစ်အရွယ် ၁၉၉၃ခုနှစ်က အိမ်ထောင်ရက်သား ချထားပေးလိုသော်လည်း စတိဗ်က စီးပွားရေးကိုသာ စိတ်ဝင်စားပြီး မိဘများကို လုပ်ကျွေးချင်သေးသည် ဟုဆိုကာ ငြင်းဆန်ခဲ့သည်။

ဝယ်ယူနိုင်

စတိဗ် အသက် ၄၀ အရွယ်တွင် မိဘများက သူ့အား မျက်ကွယ်ပြုသွားခဲ့သည်။ စတိဗ်သည် မိဘများ တိမ်းပါးသွားသော်လည်း သူ၏ အလုပ် ကြိုးစားမှုနှင့် ငွေကြေးစုဆောင်းမှုတို့ကြောင့် အခြေမပျက်ခဲ့ပေ။ မိဘများဆုံးပါးပြီး ၅နှစ်အကြာ အသက် ၄၅ နှစ် အရွယ်အထိ စတိဗ်သည် အမျိုးသမီးများနှင့် လက်ပွန်းတတီး နေလေ့မရှိဘဲ အလုပ်တွင်သာ နစ်မြုပ်ကာ ကြိုးစားခဲ့မှုကြောင့် တိုက်ခန်းနှင့်ကားကို ဝယ်ယူနိုင်ခဲ့လေသည်။

ထည်လဲတွဲ

ဘဝတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်ခဲ့သော စတိဗ်သည် အလုပ်ကိုကြိုးစားပြီး စီးပွားရှာတော်ကာ ငွေကြေး စုဆောင်းသည့် အလုပ်ကလွဲလျှင် ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။ ထိုသို့သော စတိဗ်ကို အရောင်ဆိုးကာ ပြောင်းလဲပစ်သူမှာ သူ့အလုပ်ခွင်အတွင်းမှ မိတ်ဆွေ ဆမ်ရိုက်ထ် ဆိုသူဖြစ်သည်။ ဆမ်၏ အဆွယ်ကောင်းမှုကြောင့်ပင် စတိဗ်သည် အမျိုးသမီး မိတ်ဆွေများနှင့် ထည်လဲ တွဲတတ်လာတော့သည်။ အမျိုးသမီးများကို တွယ်တာရကောင်းမှန်း သိလာသည်။ ထိုမှအစပြုကာ စတိဗ်အဖို့ ရှုပ်ထွေး နက်နဲသော ပြဿနာကြီးတစ်ခုကို ရှင်းမရနိုင်အောင် ကြုံဆုံခဲ့ရတော့သည်။ ကိုယ်လုံးကိုယ်ပေါက်သေးသွယ် ကျစ်လျစ်လှပသော ဆံရှည်အမျိုးသမီးများကို နှစ်သက် သဘောကြသူ စတိဗ်သည် ယင်းပုံစံရှိသူများဖြစ်ကြသော အသက် ၁၉ နှစ် အရွယ်ရှိ တာနီယာနီ ကိုလ်၊ အသက် ၂၅နှစ် အရွယ်ရှိ ဂျင်မာ အဒမ်စ်၊ အသက်၂၄နှစ်အရွယ်ရှိ အန်နီလီအယ်လ်ဒါတန်နှင့် ပေါ်လာကလန်နယ်လ်၊ အသက် ၂၉နှစ် အရွယ်ရှိ အန်နက်တီ နီကိုးလ်စ်တို့နှင့် ထည်လဲတွဲခဲ့သည်။

အမှုစတင်စစ်

စတိဗ်သည် နောက်ဆုံးတွင် ယင်းအမျိုးသမီးများ နေထိုင်ရာ အရပ်သို့ ပြောင်းရွှေ့နေထိုင်သည်အထိ ဆန္ဒ၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့တော့သည်။တိုက်တိုက်ဆိုင်ဆိုင်ပင် စတိဗ် ထိုအရပ်သို့ပြောင်းရွှေ့ပြီး မကြာမီ ထိုအမျိုးသမီးငါးဦးမှာ တစ်ဦးပြီး တစ်ဦးပျောက်ခြင်းမလှပျောက်သွားခဲ့ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စတိဗ်အား မသင်္ကာမှုဖြင့် တရားစွဲဆိုခဲ့တော့သည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတိဗ်ကို ဆပ်ဖို့ခ်မြို့တွင် အမှုစတင်စစ်ဆေးခဲ့သည်။

ငြင်းဆို

စတိဗ်သည် ထိုအမျိုးသမီးငါးဦးနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့မှုကို ဝန်ခံခဲ့သည်။ သို့သော်လည်း သူမသတ်ဖြတ်ခဲ့ကြောင်းနှင့် ကံမကောင်း အကြောင်းမလှသော တိုက်ဆိုင်မှုသာဖြစ်ကြောင်း ငြင်းဆိုခဲ့သည်။ အမျိုးသမီးလေးဦးနှင့်သာ တွေ့ဆုံဖူးပြီး တာနီယာနီကိုးလ်နှင့် ဆုံဖူးခြင်းမရှိဟု ဆိုသည်။၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၄ရက် သို့မဟုတ် ၁၅ရက်တွင် စတိဗ်သည် ဂျင်မာနှင့် တွေ့ခဲ့ကြောင်းဝန်ခံသည်။ နိုဝင်ဘာ ၁၄ရက်တွင် ဂျင်မာကို နောက်ဆုံးတွေ့ရပြီး ၄င်း၏အလောင်းကို နှစ်ပတ်အကြာတွင် ယင်းမြို့တောင်ဘက်ရှိ ချောင်းကလေး ဘေးတွင် တွေ့ခဲ့ရသည်။ တာနီယာကို ၂၀၀၆ခုနှစ် အောက်တိုဘာ၃၀ရက်တွင် နောက်ဆုံးတွေ့ပြီး ပျောက်သွားပြန်သည်။ ထိုရက်တွင် စတိဗ်သည် တာနီယာကို သွားရောက်တွေ့ဆုံခဲ့ကြောင်း ဝန်ခံခဲ့သည်။ တာနီယာ ပျောက်ဆုံးသည့်မှစတင်ကာ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။ စတိဗ်သည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ၃ရက် ဝန်းကျင်တွင် အန်နီလီနှင့် တွေ့ဆုံခဲ့သည်ဟု ထွက်ဆိုခဲ့ပြန်ရာ ယင်းအမျိုးသမီး ပျောက်ဆုံးသွားသည့် ရက်နှင့် တိုက်ဆိုင်နေပြန်သည်။ အန်နီလီ ပျောက်ဆုံးသည့် ညတွင် လုံခြုံရေး ကင်မရာက စတိဗ်၏ကား သွားလာမှုကို နှစ်ကြိမ် မှတ်တမ်းတင်ခဲ့သည်။ ဒီဇင်ဘာ၈ရက်တွင် စတိဗ်သည် အန်နက်တီကို ခေါ်ယူခဲ့သည်ဟု ထွက်ဆိုရာ ယင်းအမျိုးသမီးပျောက်ဆုံးသွားသည့်နေ့နှင့် ထပ်တူထပ်မျှ ကျနေပြန်တော့သည်။ ဒီဇင်ဘာလ၌ ၁၀ရက်တာ ကာလအတွင်း ပေါ်လာနှင့် စတိဗ် တွေ့ဆုံခဲ့ရာ ယင်းညတွင် ပေါ်လာ ပျောက်ဆုံးခဲ့မှုကလည်း မသင်္ကာဖွယ်ရာပင်။ ထိုအမျိုးသမီးများထဲမှ နှစ်ဦး၏သွေးကွက်များကို သူ၏ကုတ်အင်္ကျီတွင် တွေ့ရခြင်းကလည်း ယုံမှားသံသယဖြစ်စရာ ဖြစ်သည်။ ယင်းဖြစ်ရပ်တွင် ဒီဇင်ဘာ ၁၀ရက်အထိ ၁၀ရက်တာ ကာလအတွင်း မြို့ပတ်ဝန်းကျင်ရှိ အလှမ်းဝေးသော နေရာများတွင် ယင်းအမျိုးသမီးငါးဦးစလုံး၏ အလောင်းများကို အဝတ်မပါ ကိုယ်ဗလာဖြင့် တွေ့ရသည်။ စတိဗ်ကမူ ယင်းဖြစ်ရပ်သည် တိုက်ဆိုင်မှုသာဖြစ်ကြောင်း၊ သူသည် ကံကြမ္မာ၏သားကောင်တစ်ဦးသာဖြစ်ကြောင်း ငြင်းဆိုခဲ့သည်။

ရမ္မက်အလို

စတိဗ်အနေဖြင့်ရိုးသားစွာနေထိုင်ခဲ့ရာမှ အရောင်ဆိုးခံရပြီး အပြောင်းလဲကြီးပြောင်းလဲကာ ရမ္မက်၏အလိုကိုလိုက်ခဲ့မှု၏ ဆိုးကျိုးကို သင်ခန်းစာယူသင့်သကဲ့သို့ အမှန်တကယ်ဖြစ်မှုကျူးလွန်ခဲ့ပါကလည်း စတိဗ်အား ဣတ္ထိယမုဆိုး ကြမ္မာညှိုးပြီထင့်ဟု ဆိုရမည်ဖြစ်သော သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းတစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ဘဝတစ်လျှောက်လုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်ခဲ့သော စတိဗ်သည် အလုပ်ကိုကြိုးစားပြီး စီးပွားရှာတော်ကာ ငွေကြေး စုဆောင်းသည့် အလုပ်ကလွဲလျှင် ဘာကိုမျှ စိတ်ဝင်စားခြင်း မရှိခဲ့။

ဘဝဒဿနအမြင်

* **Every man is guilty of all the good he didn't do.**
ကောင်းမှုမပြုခဲ့သူတိုင်း အပြစ်ကိုယ်စီရှိကြသည်ပင်။
ဖော်လ်တဲယား (ပြင်သစ်စာရေးဆရာ)

* **Fortune favours the brave.**
ရဲရင့်သူဘက်မှာ ကံကြမ္မာ။
ဗီရ်ဂီလ် (အီတလီကဗျာဆရာ)

အစုအပြုံလိုက်တိုက်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၏ အရှေ့တောင်ဘက် အဝေးပြေးလမ်းမပေါ်တွင် ဖေဖော်ဝါရီ ၇ ရက်က ၂၉ဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရခဲ့သော ယာဉ်အစုလိုက်အပြုံလိုက်တိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကိုတွေ့ရသည့် မြင်ကွင်း။

ကမ္ဘောဒီးယားနှင့် မဲခေါင်ဒေသခွဲ အိမ်နီးချင်းနိုင်ငံများ ၂၀၁၅ခုနှစ်၌ သီးသန့်ဗီဇာဖြင့် အလွယ်တကူသွားလာနိုင်ရန်စီစဉ်

ဖနောင်ပင် ဖေဖော်ဝါရီ ၉

လာမည့် ၂၀၁၅ခုနှစ်၌ ကမ္ဘောဒီးယားနှင့် အိမ်နီးချင်းမဲခေါင်ဒေသခွဲငါးနိုင်ငံသို့ သီးသန့်ဗီဇာဖြင့် အလွယ်တကူ သွားရောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ကမ္ဘောဒီးယား မီဒီယာများက ဖေဖော်ဝါရီ ၈ ရက်၌ ဖော်ပြသည်။

သီးသန့်ဗီဇာ

အဆိုပါ မဲခေါင်ဒေသခွဲ အိမ်နီးချင်း နိုင်ငံများမှာ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့်တရုတ်တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်၌ သီးသန့်ဗီဇာဖြင့် သွားရောက်နိုင်တော့မည်ဖြစ်သည်။

သတင်းထုတ်ပြန်

ယင်းအစီအစဉ်ကို ယခုသီတင်းပတ် အစောပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် မဲခေါင်ဒေသခွဲနိုင်ငံများ၏ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအစည်းအဝေးကသတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်ဒေသခွဲနိုင်ငံများ၏ ခရီးသွားလုပ်ငန်းသည် တဖြည်းဖြည်း တိုးတက် အောင်မြင်လာလျက်ရှိရာ ၂၀၁၅ခုနှစ်၌ ခရီးသွား အရေအတွက် သန်း ၅၀အထိ တိုးတက်မြင့်မားလာနိုင်မည်ဟု ခန့်မှန်းထားသည်။ **(အင်တာနက်)**

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၉၄၅ဦးရှိသွားပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၇ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၆ရက်က မော်တော်ယာဉ်ကို လမ်းဘေးဗုံး ထိမှန်ပြီးနောက် စီးနင်းလိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။

နောက်ဆုံးသေဆုံးသူ အပါအဝင် ၂၀၀၃ခုနှစ် အမေရိကန်ဦးဆောင်သည့်တပ်များ ကျူးကျော်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၉၄၅ဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆော်လမွန်ကျွန်းစုနိုင်ငံ

သတင်းအက်ဆေး

ဆော်လမွန်ကျွန်းစုနိုင်ငံသည် ပစိဖိတ်ဒေသမှ ဗြိတိသျှလက်အောက်ခံ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ ပြည်တွင်းစစ်ကြောင့် ပြိုကွဲပျက်စီးတော့မည့်ဘေးမှ သီသီကလေး လွတ်မြောက်ကာ ပြန်လည်နာလန်ထူရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်သူ ၉၀ရာခိုင်နှုန်းကျော်မှာ မဲလာနီးရှန်းလူမျိုးများ ဖြစ်သည်။ သို့သော် ဆော်လမွန်ကျွန်းစုမှ အကြီးဆုံးကျွန်းဖြစ်သည့် ဂွါဒါကနဲကျွန်းရှိ အစ်စတာဘူတို့နှင့် အိမ်နီးချင်းကျွန်းပေါ်မှ မလေတန်တို့အကြား ပြိုင်ဆိုင်မှုမှာ တင်းမာပြင်းထန်သည်။

လူဦးရေ ငါးသိန်းကျော် မှီတင်းနေထိုင်ပြီး သဘာဝ သန္တာကျောက် တန်း ကျွန်းများနှင့် ရွှေတူးဖော်မှု လုပ်ငန်းများ ရှိသော ဆော်လမွန်ကျွန်းစုနိုင်ငံ တည်နေရာပြမြေပုံ။
(အင်တာနက်ဓာတ်ပုံ)

သိမ်းယူကြေညာ

၁၈၉၃ခုနှစ်တွင် ဆော်လမွန်ကျွန်းစုမြောက်ပိုင်းကို ဂျာမနီက ဗြိတိန်လက်သို့ထိုးအပ်သည်။ ဆော်လမွန်ကျွန်းစုတောင်ပိုင်းမှာ ၁၈၉၃ခုနှစ် ကတည်းကပင် ဗြိတိန်က လက်အောက်ခံအဖြစ် သိမ်းယူကြေညာထားသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဆော်လမွန်ကျွန်းစုကို ဂျပန်က သိမ်းပိုက်သည်။ ၁၉၄၅ ခုနှစ်တွင် မဟာမိတ်များက ဂျပန်တပ်ကို တိုက်ထုတ်ပစ်ပြီးနောက် ဗြိတိန်အုပ်ချုပ်ရေးပြန်စသည်။ ၁၉၄၆ခုနှစ်တွင် မားချင်းရူးခေါ် လွတ်လပ်ရေးလှုပ်ရှားမှုအဖွဲ့ကို ထူထောင်ပြီး ၁၉၇၆ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝရသည်။ ၁၉၇၈ခုနှစ်တွင် ဗြိတိသျှနေသဟာယအတွင်း ဆော်လမွန်ကျွန်းစုနိုင်ငံ လွတ်လပ်ရေးရရှိသည်။

မဟာမိတ်အုပ်စုဖွဲ့

၁၉၈၈ခုနှစ်တွင် ဆော်လမွန်ကျွန်းစုသည် မဲလာနီးရှန်းယဉ်ကျေးမှု အစဉ်အလာများထိန်းသိမ်းရန် ရည်ရွယ်လျက် ဗာတူ၊ ပါပူဝါနယူးဂီနီတို့နှင့်အတူ မဟာမိတ်အုပ်စုဖွဲ့သည်။ ၁၉၉၇ခုနှစ်တွင် မလေတန်လူမျိုး ဘာသိုလိုမြူးအူလူဖာအလူကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၉၉၈ခုနှစ်တွင် အူလူဖာအလူအစိုးရမှာ အယုံအကြည်မရှိအဆိုကို ကပ်၍အနိုင်ရသည်။ ဂွါဒါကနဲကျွန်းဒေသခံများကို ကိုယ်စားပြုသည်ဆိုသည့် အစ်ဇာတာဘူ လွတ်လပ်ရေးလှုပ်ရှားမှုပြည်သူ့စစ်အဖွဲ့က မလေတန်များသည် အလုပ်အကိုင်များနှင့် မြေကိုအပိုင်စီးထားသည်ဆိုကာ မလေတန်များ ထွက်ခွာသွားရေးဆက်လက်လှုပ်ရှားသည်။ ထိုအခါ မလေတန်အီးဂဲဖို့စ် (အမ်အီးအက်ဖ်) ပြည်သူ့စစ်ကိုတုံ့ပြန်ဖွဲ့စည်းသည်။ အနည်းဆုံး မလေတန် ၂၀၀၀၀ခန့် ဂွါဒါကနဲကျွန်းမှ ထွက်ခွာသွားရသည်။ အပြိုင်ပြည်သူ့စစ်အဖွဲ့နှစ်ခု တိုက်ခိုက်ကြသည့် ၂၀၀၀ပြည့်နှစ် ဇွန်လတွင် အမ်အီးအက်ဖ်ကအာဏာသိမ်းပြီး အူလူဖာအလူ၏ ဝန်ကြီးချုပ်ရာထူးတွင် မန်နာဆေးဆိုဂါဗာရေးအား ခန့်လိုက်သည်။

၂၀၀၀ပြည့်နှစ် အောက်တိုဘာတွင် ဩစတြေးလျနိုင်ငံ၏ ကြားဝင်ဖျန်ဖြေမှုဖြင့် ပြည်သူ့စစ်နှစ်ဖွဲ့တို့ ငြိမ်းချမ်းရေးစာချုပ်ချုပ်သည်။ လက်နက်စွန့်ရေးကြီးကြပ်ရန် ဩစတြေးလျနှင့် နယူးဇီလန်တို့မှ လက်နက်မစွဲကိုင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ ချထားသည်။

၂၀၀၁ခုနှစ် ဒီဇင်ဘာတွင် ပြည်သူ့မဟာမိတ်ပါတီမှ ဆာအလန်ကေမာကေဇာအားဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ဆော်လမွန်ကျွန်းစုနိုင်ငံ မင်းမဲ့စရိုက် အခြေအနေ ဆိုက်တော့မည့်အချိန် ၂၀၀၃ခုနှစ် ဇွန်လတွင် ဝန်ကြီးချုပ် ကေမာကေဇာက ဩစတြေးလျ၊ နယူးဇီလန်တို့မှ စစ်ရေးအကူအညီတောင်းသဖြင့် ထိုနှစ်ဇူလိုင်တွင် ဩစတြေးလျဦးဆောင်သည့် ငြိမ်းချမ်းရေးတပ်များ ဖြန့်ကြက်လိုက်သည်။

ရာထူးမှထွက်ပေးရ

၂၀၀၆ခုနှစ် မေလတွင် မန်နာဆေးဆိုဂါဗာရေးအား ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုးဦးတို့ အတိုက်အခံဘက် ကူးပြောင်းသွားသည်။ ထို့နောက် ဝန်ကြီးချုပ်ဆိုဂါဗာရေးမှာ ပါလီမန်တွင် အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်သွားသဖြင့် ရာထူးမှထွက်ပေးရသည်။

လူဦးရေ ၅၀၄၀၀၀ မှီတင်းနေထိုင်သည့် ဆော်လမွန်ကျွန်းစုနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လီဇဘက် ဘုရင်မကြီးကို ကိုယ်စားပြုသည့် ဘုရင်ခံချုပ် နသန်နီယယ်ဝေနာ ဖြစ်သည်။

သန္တာကျောက်တန်းကျွန်း

ဆော်လမွန် ကျွန်းစုနိုင်ငံသည် ပါပူဝါနယူးဂီနီနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး ကြီးမားသော မီးတောင်ကျွန်း သုံးလေးခုပါဝင်ပြီး ကျွန်းများ၊ သန္တာကျောက်တန်းကျွန်းများ ဝန်းရံဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သည်။ တောတောင်များ ထူထပ်စွာပေါက်ရောက်တည်ရှိသည့် နိုင်ငံလည်း ဖြစ်သည်။

စီးပွားရေးမှာ ကျွန်းသစ်တင်ပို့မှုအပေါ် အဓိက မှီခိုနေရသည်။ ထို့ပြင် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းမှုက ဆော်လမွန်ကျွန်းစု၏ အနာဂတ်အလားအလာကို ညွှန်ပြနေသည့်ပြင် ရွှေတူးဖော်မှုလုပ်ငန်းကလည်း အနာဂတ်ကို တောက်ပစေမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၈ ရက်က မီးလောင်မှုဖြစ်ပွားရာ စက်ရုံတစ်ရုံလုံး ပျက်စီးဆုံးရှုံးသွားသည်။ **(အပေါ်ပုံ)**

❏ **ရုရှားနိုင်ငံတောင်ပိုင်း ခရက်နိုဒါအရပ်ရှိ လူနေအဆောက်အအုံတစ်ခု၌ ဖေဖော်ဝါရီ၈ရက်က ဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးခဲ့သည်။**

■ ဘိုလီးဗီးယားနိုင်ငံမြောက်ပိုင်း ထရီနီဒတ်မြို့၌ ဖေဖော်ဝါရီ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများ ထပ်မံဖြစ်ပေါ်၍ သုံးဦး သေဆုံးခဲ့သည်။

❏ **ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားဒေသ၌ ဖေဖော်ဝါရီ ၈ ရက်က ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် ၁၂ ဦးသေဆုံးပြီး ၄၀ကျော် ဆီးနှင်းခဲများအကြား ပိတ်မိနေခဲ့သည်။**

■ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မြောက်ဘက် မိုင် ၁၂၀ခန့်အကွာ မြစ်တစ်ခု၌ ဖေဖော်ဝါရီ ၈ ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ခြောက်ဦး သေဆုံးခဲ့သည်။

❏ **စပိန်နိုင်ငံ ဘီဂါရာမြို့၌ ဖေဖော်ဝါရီ ၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကုန်ပဒေသာဆိုင်တစ်ဆိုင် ပျက်စီးခဲ့သည်။**

■ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ပိုင်း မိုင်၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာအနီး၌ ဖေဖော်ဝါရီ ၈ ရက်က လွန်ခဲ့သော နှစ် ၁၅၀၀ ခန့်က မြေအိုးများကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

❏ **ရုရှားနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းလွန်၌ ဖေဖော်ဝါရီ ၈ ရက်က ကုန်တင်သင်္ဘောတစ်စင်း မုန်တိုင်းမိပြီး နစ်မြုပ်ခဲ့ရာ သင်္ဘောသားအားလုံးကို ကယ်ဆယ်နိုင်ခဲ့သည်။**

ဘဝ အမောပြေ

ဉာဏ်ကျယ်လေး....

လစဉ်စစ်ဆေးသော ကျောင်းစာမေးပွဲ၌ ဘာသာရပ်အလိုက် အမှတ်မကောင်းသည့်အပြင် သုံးဘာသာ ကျရှုံးနေသော သားဖြစ်သူက စာမေးပွဲ အောင်/ရှုံး မှတ်တမ်းကိုကိုင်ကာ ခြံဝင်းအတွင်း မှောင်ရိပ်ကျနေသော ခုံတန်းပေါ်တွင် ထိုင်နေသည့် ဖခင်ဖြစ်သူအား....

သား – အဖေ အမှောင်ထဲမှာ စာရေးနိုင်သလား။
ဖခင် – ရေးနိုင်တာပေါ့ကွာ။
သား – ဒါဆို အတော်ပဲ။
ဖခင် – သားက အရေးတကြီး ဘာရေးခိုင်းမလို့လဲ။
သား – ဒီမှတ်တမ်းမှာ အဖေ့လက်မှတ်နဲ့ အမည်ရေးခိုင်းမလို့ပါ။

အဆင်သင့်ဖြစ်နေအောင်....

ဆေးခန်းတွင် လူနာများကို ကုသပေးနေသော ဆရာဝန်တစ်ဦးထံ ဖုန်းဝင်လာသဖြင့် ဆရာဝန်က နားထောင်လိုက်ရာ ....

ဖုန်းဆက်သူ – ဒေါက်တာ အမြန်လာပါဦး၊ အမြန် .... အမြန်။
ဆရာဝန် – ဘာဖြစ်လို့လဲ။
ဖုန်းဆက်သူ – ကျွန်တော့်သား ဘရိတ်ဓားတွေ မျိုချလိုက်လို့ပါ။
ဆရာဝန် – ဟုတ်လား၊ ဘာမှမစိုးရိမ်နဲ့ ကျွန်တော်လာပြီ။
ဖုန်းဆက်သူ – ဟုတ်ကဲ့၊ ဒေါက်တာလာရင် အသင့်ဖြစ်အောင် သားရဲ့ဗိုက်ကို ဓားနဲ့ခွဲထားပြီးပါပြီ။
ဆရာဝန် – ဗျာ....။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၉-၂-၂၀၀၈

ဆူဒန်တပ်ဖွဲ့နှင့် လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွား

ဆူဒန်နိုင်ငံ အနောက်ဒါဖာပြည်နယ်တွင် ဆူဒန်အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။

ဆူဒန်နိုင်ငံ အဘူဆူဂိုမြို့ပြင်တွင် ဆူဒန်အစိုးရ တပ်ဖွဲ့ဝင်များက တိုက်လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်များ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုင်း၌ ကြက်ငှက်တုပ်ကွေးကူးစက်ခံရသူ တစ်ဦးတွေ့ရှိ

ထိုင်းနိုင်ငံတောင်ပိုင်း ဖီချစ်ပြည်နယ်၌ အမျိုးသားတစ်ဦး ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်ခံရကြောင်း ပြည်နယ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အသက် ၃၂ နှစ်အရွယ်ရှိ အဆိုပါအမျိုးသားသည် သေဆုံးနေသော ကြက်များကို ကိုင်တွယ်ခဲ့မိရာမှ ကြက်ငှက်တုပ်ကွေးကူးစက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ဘနွန်အကျပ်အတည်းကို ဝိုင်းဝန်းဖြေရှင်းရမည်

လက်ဘနွန်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းဖြေရှင်းကြရန် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာက တိုက်တွန်းလိုက်သည်။

လက်ဘနွန်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိနေသော အမာမူဆာသည် လက်ဘနွန်ပါလီမန်ဥက္ကဋ္ဌ နာဘစ်ဘီရီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် လက်ဘနွန်နိုင်ငံရေး အကျပ်အတည်းကို စုပေါင်းဖြေရှင်းမှုသာ ရရှိနိုင်မည်ဟု ၎င်းက ပြောကြားသည်။

ပိုလန်ဝန်ကြီးချုပ် ရုရှားသို့ရောက်ရှိ

ပိုလန်ဝန်ကြီးချုပ်ဒိုနယ်တပ်ခ်သည် ရုရှားနိုင်ငံသို့ တစ်ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေးနှင့် စွမ်းအင်ကိစ္စရပ်များတိုးတက်ဖြစ်ထွန်းရန်အတွက် ရောက်ရှိခြင်းဖြစ်ပြီး ရုရှားဝန်ကြီးချုပ်ဗစ်တာဇူကော့ဗ်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

နီပေါခရိုင်လေးခုသို့ တပ်ဖွဲ့များစေလွှတ်

နီပေါနိုင်ငံအရှေ့ပိုင်းရှိ ခရိုင်လေးခုတွင် အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ထားကြောင်း နီပေါအစိုးရအရာရှိများက ပြောကြားသည်။

နီပေါနိုင်ငံ ခိုတန်ခရိုင်တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားက ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီးနောက် အူဒါယာပူရာ၊ အိုခါဟွန်ဂါ၊ ဆန့်ဟူဝါဆာဟာနှင့် ခိုတန်ခရိုင်များသို့ အထူးလုံခြုံရေးတပ်ဖွဲ့ဝင်များကို စေလွှတ်လိုက်ခြင်းဖြစ်သည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

သီရိလင်္ကာမြောက်ပိုင်း၌ ထိုးစစ်ဆင်တိုက်ခိုက်နေသောအစိုးရတပ်ဖွဲ့များက တမီးလ်ကျားသူပုန်၃၀ကိုသတ်ဖြတ်နိုင်ခဲ့ကြောင်း သီရိလင်္ကာအစိုးရအရာရှိများက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ပါရာရူကျေးရွာအနီး အစိုးရတပ်ဖွဲ့နှင့် တမီးလ်ကျားသူပုန်များ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇ဒေါ်လာ ရှိနေကြောင်း ကမ္ဘာ့ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အရာရှိများက ပြောကြားသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် လာမည့်သီတင်းပတ်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇ ဒေါ်လာအောက် ဆက်လက်ကျဆင်းမည်ဟု အိုပက်အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇ်နီမြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုမှာ ဂါဇ်နီမြို့လမ်းမကြီးပေါ်၌ ဖြတ်သန်းမောင်းနှင်နေသော အာဖဂန်နစ္စတန် စစ်ယာဉ်တန်းအား ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုဘားမားနှင့် ဟီလာရီ အပြိုင်မဲဆွယ်စည်းရုံးလျက်ရှိ ယှဉ်ပြိုင်ပွဲမှနုတ်ထွက်သွားသူ ရွမ်နေးအား မက်ကိန်းချီးကျူးဂုဏ်ပြု

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အမေရိကန်သမ္မတ အကြိုရွေးကောက်ပွဲမှ ရီပတ်ဘလီကင် ပါတီ ကိုယ်စားလှယ်လောင်း မစ်ရွမ်နေးထွက်သွားပြီးနောက် ဂျွန်မက်ကိန်းက သူ့ကို ဝိုင်းဝန်းအားပေး ထောက်ခံကြရန် ကွန်ဆာဗေးတစ်များအား တိုက်တွန်းလိုက်သည်။

ချီးကျူးဂုဏ်ပြု

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် ပါတီ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခံရသူ အရီဇိုးနားပြည်နယ် အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းက မစ္စတာရွမ်နေးအား ချီးကျူးဂုဏ်ပြု လိုက်ပြီးနောက် သူ့အား ထောက်ခံသူများအနေဖြင့် မိမိနှင့်လက်တွဲကြပါရန် ဖိတ်ခေါ်လိုက်သည်။

ပြတ်ကျန်ခဲ့

ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည့် မိုက်ဟတ်ကာဘီးနှင့် ဂျွန်ပေါလ်တို့သည်လည်း မဲဆွယ်စည်းရုံးလျက်ပင် ရှိနေကြသေးသည်။ သို့သော် နှစ်ဦးစလုံးမှာ ဂျွန်မက်ကိန်း၏နောက်တွင် ပြတ်ကျန်ခဲ့ကြသည်။

အသီးသီးရရှိ

ဂျွန်မက်ကိန်းက ၁၂ပြည်နယ်မှ ပါတီညီလာခံကိုယ်စားလှယ် ၇၀၇ဦး၊ မစ်ရွမ်နေးက ၁၁ပြည်နယ်မှ ကိုယ်စားလှယ် ၂၉၄ဦး၊ မိုက်ဟတ်ကာဘီးက ခြောက်ပြည်နယ်မှ ကိုယ်စားလှယ် ၁၉၅ဦး အသီးသီးရသည်။

မဲဆွယ်စည်းရုံး

သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်နေရာအတွက် အထက်လွှတ်တော်အမတ်များဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် အိုဘားမား **(ဝဲပုံ)**တို့ နှစ်ဦးမှာမူ ပါတီကိုယ်စားလှယ်ရရှိမှု မတိမ်းမယိမ်းဖြစ်နေပြီး ဆက်လက်ယှဉ်ပြိုင် မဲဆွယ်စည်းရုံးလျက်ရှိသည်။

ယှဉ်ပြိုင်ကြ

ဖေဖော်ဝါရီ ၉ရက်တွင် လူဝီစီယားနားပြည်နယ်နှင့် ဝါရှင်တန်ပြည်နယ် နှစ်ခုအတွင်း၌ ဒီမိုကရက်တစ်ရော ရီပတ်ဘလီကင်ပါ အကြိုရွေးကောက်ပွဲများ ပြုလုပ်ယှဉ်ပြိုင်ကြသည်။ ထိုနေ့တွင် ဒီမိုကရက်တစ်များအဖို့ နီဘရားစကားပြည်နယ်တွင် လည်းကောင်း၊ ရီပတ်ဘလီကင်များအဖို့ ကင်းဆပ်ပြည်နယ်တွင် လည်းကောင်း ယှဉ်ပြိုင်ကြရဦးမည် ဖြစ်သည်။

တရားဝင်မထွက်

ဒီမိုကရက်တစ်ပါတီဝင်တို့ ယှဉ်ပြိုင်ရာတွင် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့နှစ်ဦးသာ ယှဉ်ပြိုင်ရန်ရှိသော်လည်း ရီပတ်ဘလီကင်တို့အတွက်မူ ရှေ့မှပြေးနေသူ ဂျွန်မက်ကိန်းနှင့် တရားဝင်မထွက်ကြသေးသည့် မိုက်ဟတ်ကာဘီးနှင့် ဂျွန်ပေါလ်တို့ ယှဉ်ပြိုင်စရာရှိနေသည်။

(အင်တာနက်)

ဂါဇာဒေသသို့ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက် ပါလက်စတိုင်းတို့ ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်

ဂါဇာ ဖေဖော်ဝါရီ ၉

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းသို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ခုနစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ဖေဖော်ဝါရီ ၈ ရက်၌ ပြောကြားသည်။

တိုက်ခိုက်

အစ္စရေး တိုက်လေယာဉ်သုံးစင်းက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပါလက်စတိုင်း လက်နက်ကိုင်အချို့ သေဆုံးခဲ့ရသလို ဒဏ်ရာအများအပြား လည်းရရှိခဲ့သည်။ အစ္စရေး တိုက်လေယာဉ်များသည် ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ယခုလေကြောင်းမှ တိုက်ခိုက်ခဲ့သောနေရာမှာ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဘတ်ဟာနွန်မြို့ဖြစ်ပြီး ပါလက်စတိုင်း နေအိမ်အချို့လည်း ပျက်စီးခဲ့ရသည်။

ပြန်လည်ပစ်ခတ်

အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ပါလက်စတိုင်း လက်နက်ကိုင်များကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းမြို့များသို့ ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

(အင်တာနက်)

ချဒ်ပြည်နယ်ခြောက်ခုနှင့်မြို့တော်၌ ညမထွက်ရအမိန့်ထုတ် ပြင်သစ်က စစ်ရေးအရ ပါဝင်နိုင်သည်ဟုဆို

အင်ဂျာမီနာ ဖေဖော်ဝါရီ ၉

ချဒ်သူပုန်တို့က မြို့တော်အင်ဂျာမီနာကို ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က တိုက်ခိုက်ပြီးနောက် နိုင်ငံဒေသ အများအပြားတွင် ချဒ်အစိုးရက နေဝင်မီးငြိမ်း ညမထွက်ရအမိန့် ထုတ်ပြန်လိုက်သည်။

ညမထွက်ရ အမိန့်မှာ မြို့တော် အင်ဂျာမီနာနှင့်တကွ တောင်ပိုင်းနှင့် အရှေ့ပိုင်း ပြည်နယ်ခြောက်ခုတို့တွင် ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ချဒ်ဝန်ကြီးချုပ်က ကြေညာသည်။

ထိုအတောအတွင်း ချဒ်နိုင်ငံ၌ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ အမြန်ဆုံး ဖြန့်ကြက်ရန် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများအား ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီက မေတ္တာရပ်ခံသည်။

အကြမ်းဖက်သမားတို့ကမူ အင်ဂျာမီနာမြို့တော် အရှေ့ဘက် ကီလိုမီတာ ၆၀၀ ခန့်အကွာ မွန်ဂိုမြို့အနီးတွင် ပြန်လည်စုရုံးထားပြီဟု ပြောကြားသည်။

ပါရီမှသတင်းတစ်ပုဒ်တွင် ပြင်သစ်နိုင်ငံသည် ချဒ်နိုင်ငံ၌ လိုအပ်ပါက စစ်ရေးအရ ပါဝင်ဆောင်ရွက်ကောင်း ဆောင်ရွက်မည်ဟု ပြင်သစ်သမ္မတ ဆာကိုဇီက ဖေဖော်ဝါရီ ၅ ရက်တွင် ကြေညာသည်။ အကြမ်းဖက်သမားတို့အနေဖြင့် မြို့တော် အင်ဂျာမီနာကို မတိုက်ရန်လည်း သတိပေးလိုက်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်နေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘာနာဇီယာဘူတို ဖုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံးခဲ့ခြင်းသာဖြစ်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၉

လုပ်ကြံခံရသည့် ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာ ဘူတို၏ သေမှုသေခင်းကို စုံစမ်းစစ်ဆေးသည့် ဗြိတိန်နိုင်ငံ စကော့တလန်ယာ့ဒ် စုံထောက်များက ဘူတိုမှာ သေနတ်ဒဏ်ရာကြောင့် သေဆုံးခြင်းမဟုတ်ဘဲ ဖုံးခွဲတိုက်ခိုက်ခံရသဖြင့် ထိမှန်ပြီး သေဆုံးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

စုံစမ်းစစ်ဆေး

ဒီဇင်ဘာလက ဘူတိုလုပ်ကြံခံရ၍ သေဆုံးရသည့် အကြောင်းချင်းရာများကို စုံစမ်းစစ်ဆေးပေးရန် ပါကစ္စတန် သမ္မတ မူရှာရက်ဖ်က စကော့တလန်ယာ့ဒ် စုံထောက်များအား မေတ္တာရပ်ခံသဖြင့် ယင်းသို့ စုံစမ်းစစ်ဆေးခြင်း ဖြစ်သည်။

သေဆုံးခြင်းဖြစ်

ဘူတိုမှာ အသေခံဖုံးခွဲမှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ပါကစ္စတန် အာဏာပိုင်များက ပြောကြားသော်လည်း သူ့မိသားစုက လက်မခံပေ။ လူသတ်သမားက သေနတ်ဖြင့် ပစ်သတ်၍ သေဆုံးခြင်းဖြစ်သည်ဟု အခိုင်အမာ ပြောကြားနေသည်။

မသေဆုံးမီက ဘူတိုကို သေနတ်ဖြင့် ပစ်ကြောင်း၊ သို့သော် သေနတ်ဖြင့်ပစ်၍ သေဆုံးရခြင်းမဟုတ်ကြောင်း၊ တိုက်ခိုက်သူမှာ မူလက တွေးထင်သည့်အတိုင်း နှစ်ဦးမဟုတ်ဘဲ တစ်ဦးတည်းသာဖြစ်ကြောင်း စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ အစီရင်ခံစာ၌ ဖော်ပြထားသည်။ (အင်တာနက်)

ကင်ညာရှိ ဖင်လန်သံရုံးအား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခံရ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၉

ကင်ညာနိုင်ငံရှိ ဖင်လန်သံရုံးကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်သည့်စာကို လက်ခံရရှိခဲ့ကြောင်း ဖင်လန်သံရုံးအရာရှိများက ဖေဖော်ဝါရီ ၈ရက်တွင် ပြောကြားသည်။

ခြိမ်းခြောက်

ထိုခြိမ်းခြောက်စာမှာ အီးမေးလ်မှတစ်ဆင့် ပေးပို့လိုက်ခြင်းဖြစ်ပြီး မိမိတို့ စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်နေကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုခြိမ်းခြောက်စာ၌ မိမိတို့ တိုက်ခိုက်တော့မည်ဖြစ်ကြောင်း၊ တိုက်ခိုက်မှုများကိုလည်း အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တိုက်ခိုက်

ထိုခြိမ်းခြောက်စာမှာ အီသီယိုးပီးယားမှ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများထံမှ လာရောက်ခြင်းဖြစ်နိုင်ကြောင်း ဖင်လန်သံရုံးအရာရှိများက ပြောကြားသည်။ ကင်ညာနိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားမည့် အခြေအနေရှိရာ သံရုံးများ၏ လုံခြုံရေးကိုလည်း တိုးမြှင့်ချထားပေးလျက်ရှိသည်။

မိမိတို့အား မည်သည့်အတွက်ကြောင့် တိုက်ခိုက်လိုသည်ကို မသိကြောင်း ကင်ညာရှိ ဖင်လန်သံရုံးဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့တွင် ဖေဖော်ဝါရီ ၈ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သဖြင့် လမ်းမများပေါ်တွင် လမ်းရှင်းစက်များဖြင့် ဆီးနှင်းများကို ဤသို့ရှင်းလင်းခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ်

(၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

သံလွင်တံတား(မော်လမြိုင်)

မွန်ပြည်နယ် မော်လမြိုင်မြို့၌ သံလွင်မြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှည်ဆုံး သံလွင်တံတား(မော်လမြိုင်)။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မော်လမြိုင်တက္ကသိုလ်

မွန်ပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာများ လက်လှမ်းမီ သင်ကြားနိုင်သည့် မော်လမြိုင် တက္ကသိုလ်အဆောက်အအုံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	ခု	၃	၁၀	၇
၃	[illegible]	ခု	-	၇	၇
၄	[illegible]	[illegible]	၇၇၂	[illegible]	[illegible]
၅	[illegible]	[illegible]	-	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	ခု	၂	၃	၁
၉	[illegible]	[illegible]	၃	၁၂	၉
၁၀	[illegible]	ခု	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	၃
၁၂	[illegible]	[illegible]	၁၁	၃၂	၂၁
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	ခု	-	၁	၁
၁၆	[illegible]	ခု	-	၁	၁
၁၇	[illegible]	[illegible]	၂၈	[illegible]	၁၁

အကျိုးပြုကတိုက်တမံ

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး၌ တည်ဆောက်ထားသော ကတိုက်ရေလှောင်တမံသည် ဒေသခံတိုင်းရင်းသားပြည်သူများအား အကျိုးပြုလျက် ရှိပေပြီ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

10-2 (07) 1 2/10/08, 2:04 AM

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုကို အသက်ပေး၍ကာကွယ်စောင့်ရှောက်တည်ဆောက်ကြကု

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

၂၁-၁၂-၂၀၀၇ ရက်နေ့တွင် လုပ်ငန်းကိစ္စများပြီးသွား၍ ရန်ကုန်သို့ပြန်ရန် မြိတ်မြို့ မြန်မာ့လေကြောင်းရုံးသို့ ညနေ ၄နာရီခန့်တွင် ရောက်ခဲ့ပါသည်။ လေကြောင်းရုံး၏ ကြော်ငြာဘုတ်ပေါ်တွင် ကြည့်လိုက်ရာ မနက်ဖြန်ထွက်မည့်လေယာဉ်တွင် ထိုင်ခုံ ၁၅နေရာ ခန့်ကျန်သေးကြောင်း သိလိုက်ရသည်။ သို့သော် လက်မှတ်က အရောင်းပိတ်သွားပါပြီ။ မနက်ဖြန်ကျမှ လေဆိပ်တွင် Go Show ဝယ်ရန် ဝန်ထမ်းတစ်ဦးက ပြောပါသည်။ သို့နှင့် ကျွန်တော်လည်း ပုဂ္ဂလိကလေကြောင်းရုံးသို့ ရောက်သွားခဲ့ပါသည်။ မနက်ဖြန်ထွက်မည့် Air Bagan လက်မှတ်ကို လွယ်ကူစွာပင် ရလိုက်ပါသည်။ တစ်ချိန်တစ်ခါကဆိုလျှင် မြိတ်မှရန်ကုန်သို့ သွားရန်အတွက် လေယာဉ်လက်မှတ်ရရန် တော်တော်ခက်ခဲပါသည်။ လေယာဉ်လက်မှတ်ရရန် ငါးရက်၊တစ်ပတ်ခန့်စောင့်ရသည်။ နည်းအမျိုးမျိုးဖြင့်ကြိုးပမ်းရသည်။ တစ်ခါတစ်ရံ မဲနှိုက်ရပြီး မဟာကံထူးရှင်ဖြစ်မှ ရန်ကုန်ပြန်ရသည်အထိဖြစ်ခဲ့ရပါသည်။ ယခုအခါ မြိတ်မှရန်ကုန်သို့ မှန်လုံကားများဖြင့် သွားလာနိုင်ကြပါပြီ။ မြိတ်မှ ထားဝယ်သို့အပြန် ရေယာဉ်စီးပြီး ထားဝယ်မှ ရန်ကုန်သို့ ရထားဖြင့်သွားလာနေကြပါပြီ။ ထို့ကြောင့် ယခုကဲ့သို့ လေယာဉ်လက်မှတ်လွယ်ကူသွားရခြင်းဖြစ်သည်။ မလိုသူတွေက ဘာပြောပြော ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေးများ လွယ်ကူချောမွေ့လာပြီး ပြည်ထောင်စုကြီး အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးလာသည်မှာ ထင်ထင်ရှားရှား ပေါ်လွင်နေပါသည်။

ပြင်သစ်နိုင်ငံလုပ် ATR 72 အမျိုးအစား Air Bagan လေယာဉ်သည် မြိတ်လေယာဉ်ကွင်းမှပေါ့ပါးစွာ ထောင်တက်လိုက်ပါသည်။ ကျွန်တော်သည် လေယာဉ်ပေါ်မှနေ၍ မြိတ်ကျွန်းစု၏ အလှကို ငေးမောကြည့်ရှုနေမိပါသည်။ ကျွန်တော့်နံဘေးတွင် ထိုင်လာသော KMK ကုမ္ပဏီ၏ MD ဦးခင်မောင်ကျော်က သူ့ကုမ္ပဏီ၏ လှောင်အိမ်ဖြင့် ကကတစ်ငါးမွေးမြူထားသောစခန်းများကို ညွှန်ပြနေပါသည်။ ကကတစ်ငါးကို လှောင်အိမ်ဖြင့် မွေးခြင်းမှာ မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ပါ။ မင်းဇာနည် ကုမ္ပဏီမှ ပညာရှင် ဦးကျော်ဇင်က ဧရာဝတီတိုင်း ချောင်းသာတွင် ကကတစ်ငါးသားဖောက်ခြင်းကို အောင်မြင်စွာထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယင်းငါးသားပေါက်များကို မြိတ်သို့လေယာဉ်ဖြင့် သယ်ယူကာ မြိတ်မြို့ အနီးပင်လယ်ပြင်တွင် KMK ကုမ္ပဏီက လှောင်အိမ်ဖြင့် မွေးမြူနေခြင်းဖြစ်သည်။ ကကတစ်ကို လှောင်အိမ်ဖြင့် မွေးမြူခြင်းကို ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် မွေးမြူအောင်မြင်လျက်ရှိရာ ယခုအခါ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း အိမ်နီးချင်း နိုင်ငံများနှင့် ရင်ပေါင်တန်းကာ ကကတစ်ငါးကို အောင်မြင်စွာမွေးမြူလျက်ရှိပါသည်။ ကကတစ်ငါးမှာ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းသော ငါးမျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကကတစ်ငါး မွေးမြူနိုင်သော ရေ၊မြေအနေအထားများစွာရှိရာ ကကတစ်ငါးကို တိုးချဲ့မွေးမြူခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူဖြစ်စေနိုင်ပါသည်။ ကကတစ်ငါးမွေးမြူရေး အောင်မြင်လာရခြင်းမှာ မင်းဇာနည်ကုမ္ပဏီမှလွန်ခဲ့သော ငါးနှစ်ခန့်ကပင် ကကတစ်ငါးသားပေါက်စခန်းကို ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံကာ စွန့်ဦးတီထွင်လုပ်ကိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုမှရလာသော ကကတစ်ငါးသားပေါက်များကို KMK ကုမ္ပဏီက မြိတ်ဒေသတွင် လှောင်အိမ် စနစ်ဖြင့် ပထမဆုံး စွန့်ဦးတီထွင်မွေးမြူခဲ့ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံသားတို့သည် နေရာဒေသမရွေးဘဲ လုပ်ငန်းများကို စွန့်ဦးတီထွင် လုပ်ကိုင်ကြရန် လိုပါသည်။

Air Bagan လေယာဉ်သည် တဖြည်းဖြည်းမြင့်တက်လာပြီး အမြင့်ပေ၁၂၀၀၀မှ ထားဝယ်မြို့သို့ ဦးတည်ပျံသန်းနေပါသည်။ ကျွန်တော်သည် လေယာဉ်ပေါ်မှနေ၍ တနင်္သာရီဒေသ၏အလှကို ကြည့်၍မဝနိုင်အောင်ဖြစ်နေပါသည်။ တနင်္သာရီရေပြင်မှ သား၊ ငါး၊ ပုစွန် အမြောက်အမြားထုတ်လုပ်နိုင်ပါသည်။ ကျွန်တော်ငယ်စဉ်ဘဝက မေမေသည် မြိတ်မျှင်ငါးပိကို တစ်နှစ်စာစဉ့်အိုးဖြင့်သိပ်ပြီး ထိုငါးပိကိုတစ်နှစ်ပတ်လုံး ကျွန်တော်တို့မောင်နှမတစ်တွေ စားသုံးခဲ့ရသည်။ မြိတ်မျှင်ငါးပိမှရသော ပရိုတင်းဓာတ်၊ အိုင်အိုဒင်းဓာတ်တို့ဖြင့် ကျွန်တော်တို့ ဉာဏ်ရည်များ ဖွံ့ဖြိုးခဲ့ပြီး ခန္ဓာကိုယ်များထွားကျိုင်းခဲ့ကြသည်။ ယခုအခါ တနင်္သာရီရေပြင်မှ သဘာဝဓာတ်ငွေ့ အမြောက်အမြားထွက်ရှိနေပြီး ပြည်တွင်းသုံးစွဲနိုင်ရုံတင်မက ပြည်ပသို့ပါ တင်ပို့ရောင်းချနေရသည်။ ပြည်တွင်းရှိ ဘိလပ်မြေစက်များ၊ စက္ကူစက်များ၊ တာယာစက်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် တနင်္သာရီဒေသမှထွက်ရှိသော သဘာဝဓာတ်ငွေ့များဖြင့် လည်ပတ်နေကြသည်။ ရန်ကုန်မြို့ပေါ်ရှိ ဘတ်စ်ကားများ၊ တက္ကစီကားများသည်လည်း တနင်္သာရီဒေသထွက် သဘာဝဓာတ်ငွေ့ဖြင့်ပင် မောင်းနှင်နေကြရပါသည်။တနင်္သာရီရိုးမပေါ်တွင် အမြဲစိမ်းသစ်တောကြီးများ ပေါက်ရောက်လျက်ရှိပါသည်။ ခဲမဖြူ၊ အဖြိုက်နက်စသော ဓာတ်သတ္တုများလည်း ထွက်ရှိပါသည်။ တနင်္သာရီဒေသတွင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာဧကေ အမြောက်အမြား စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါသည်။ ဆီအုန်းဧကေသိန်းနှင့်ချီ၍ စိုက်ပျိုးလျက်ရှိပြီး တနင်္သာရီဒေသသည် မကြာမီတွင် မြန်မာပြည်၏ ဆီအိုးကြီးဖြစ်လာပါတော့မည်။

ဤသို့ ရေမြေသဘာဝ တင့်တယ်လှပပြီး သယံဇာတပေါကြွယ်ဝသည့် တနင်္သာရီဒေသသို့ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတိုင်းရင်းသားများ အခြေချနေထိုင်ခဲ့ကြပါသည်။ ပထမမြန်မာနိုင်ငံတော်ကြီးဖြစ်သော ပုဂံခေတ်တွင် အလောင်းစည်သူမင်းကြီးသည် တနင်္သာရီဒေသသို့ တိုင်းခန်းလှည့်လည်ခဲ့ပြီး ပုဂံသားတို့သည် တနင်္သာရီဒေသတွင် အခြေချနေထိုင်ခဲ့ကြပါသည်။ ရခိုင်တိုင်းရင်းသားတို့သည်လည်း တနင်္သာရီဒေသသို့ ပြောင်းရွှေ့အခြေချခဲ့ကြပါသည်။ ယခု မြိတ်နယ်သားတို့သည် အထက်အညာ ဒေသမှ ဗမာတိုင်းရင်းသားများဖြစ်ကြပြီး ထားဝယ်နယ်သားတို့မှာ ရခိုင်တိုင်းရင်းသားများ ဖြစ်ကြပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် တနင်္သာရီပင်လယ်ကမ်းခြေဒေသ၏များတွင် မွန်တိုင်းရင်းသားများ အခြေချနေထိုင်ခဲ့ကြသည်။ တနင်္သာရီရိုးမတောင်တန်းပေါ်တွင် ကရင်တိုင်းရင်းသားများ အခြေချ နေထိုင်ခဲ့ကြပါသည်။ ရှေးမြန်မာမင်းတို့သည် အမြော်အမြင်ကြီးစွာဖြင့် နိုင်ငံတော်၏ နယ်စွန် နယ်ဖျားဒေသများတွင် တိုင်းရင်းသားတို့ကို အခြေချနေထိုင်စေခဲ့ပါသည်။ လက်နက်ဟူ၍ တုတ်၊ဓား၊လှံတို့သာရှိသော ထိုခေတ် ကာလက နယ်စပ်ဒေသရှိ မြန်မာတိုင်းရင်းသားတို့၏ မြို့ရွာများသည် နိုင်ငံတော်ကို တိုင်းတစ်ပါးက ကျူးကျော်နယ်ချဲ့ခြင်းမှကာကွယ်ပေးခဲ့သော တပ်ရင်းတပ်ဖွဲ့များပင်ဖြစ်ပါသည်။ သဘာဝသယံဇာတ ပေါကြွယ်ဝသော တနင်္သာရီဒေသသည် နိုင်ငံတော်၏ ဝင်ပေါက်တံခါးဝ ဖြစ်ပါသည်။

Air Bagan လေယာဉ်သည် စက်ရှိန်ကို လျှော့လိုက်ပြီး တဖြည်းဖြည်းနိမ့်ဆင်းလာပါသည်။ လေယာဉ်ပေါ်မှနေ၍ ထားဝယ်နယ်၏ မြေပြင်ကို တဖြည်းဖြည်း အနီးကပ်မြင်တွေ့လာရပါသည်။ ထားဝယ်မြစ်ဝရှိ မြေဩဇာကောင်းသော မြေနုကျွန်းများကိုလည်း တွေ့မြင်လာရပါသည်။ ရိတ်သိမ်းပြီးခါစ စပါးခင်းများကို တွေ့ရသလို စပါးစိုက်ပျိုးခြင်းမရှိသေးသောမြေလွတ်မြေလပ်များကိုလည်း တွေ့မြင်ရပါသည်။ တနင်္သာရီတိုင်းသည် ဒေသဆန်ဖူလုံခြင်း မရှိသေးပါ။ ထို့ကြောင့် တနင်္သာရီဒေသဆန်ဖူလုံရေးအတွက် နိုင်ငံတော်အစိုးရက အလေးပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော်သည် ထားဝယ်မြစ်ဝရှိ မြေနုကျွန်းများသို့ ကွင်းဆင်းခဲ့ရာ မြေဩဇာကောင်းသော၊ စပါးစိုက်ပျိုးနိုင်သောမြေဧက ၃၀၀၀ခန့် တွေ့ရှိခဲ့ပါသည်။ ဆားထုတ်လုပ်နိုင်သော ဆားပေါက်မြေများလည်း တွေ့ရှိခဲ့ပါသည်။ ထိုနေရာများသည် ကိုလိုနီခေတ်က စပါးစိုက်ပျိုးခဲ့သော မြေများဖြစ်သည်။ စပါးအထွက်ကောင်းသဖြင့် ထိုစဉ်က လယ်သမားများ မြေကြီးမှ ရွှေသီးခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီး ကွန်မြူနစ်သောင်းကျန်းမှုများကြောင့် ထိုဒေသတွင် လယ်ယာမြေများ လုပ်ကိုင်နိုင်ခြင်းမရှိတော့ဘဲ လယ်ယာမြေများသို့ ရေငန်များဝင်ရောက်လာကာ လယ်မြေများသည် ဒီရေကော်တောများဖြစ်သွားကြပါသည်။ ဤမြေများကို ရေငန်တား တမံပတ်ပြီး လယ်မြေအဖြစ်ပြန်လည်ဖော်ထုတ်နိုင်ပါသည်။ သို့သော် အရင်းအနှီးကြီးမားသောကြောင့် ကျွန်တော့်အနေဖြင့် မတတ်နိုင်ပါ။ တတ်နိုင်သော သူငယ်ချင်းတစ်ဦးကို စည်းရုံးကြည့်ရာ-

“မင်းဆွေရာ ထားဝယ်နယ်က ဝေးလွန်းပါတယ်”ဟုဆိုခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ကျွန်တော်တို့သည် ထားဝယ်ပဲဖြစ်ဖြစ်၊ လဟယ်ပဲဖြစ်ဖြစ် ဒေသမရွေးလုပ်ကိုင်နိုင်ရပါမည်။ ဤသို့လုပ်ကိုင်နိုင်သော အခွင့်အရေးသည် ကျွန်တော်တို့မသေမီ အချိန်အတွင်းတွင်သာတည်ရှိပါသည်။ ငယ်သူငယ်ချင်း သန်းဝင်းကတော့ ဤအခွင့်အရေးကို လက်လွှတ်မခံဘဲ ထားဝယ်မြစ်ဝရှိ မြေဧက ၁၅၀ ကို ဖော်ထုတ်လုပ်ကိုင်လျက်ရှိပါသည်။ Air Bagan လေယာဉ်ဘီးသည် ထားဝယ်လေယာဉ်ကွင်းကို ထိလိုက်သောအခါ ကျွန်တော်၏အတွေးများလည်း ပြတ်တောက်သွားပါတော့သည်။

လူသားတို့တွင် မွေးရာပါဗီဇအသိဉာဏ်(Instinct)နှင့် ဦးနှောက်ဖြင့် တွေးခေါ်ဆင်ခြင်သော အသိဉာဏ်(Intelligence) ဟူ၍ အသိဉာဏ်နှစ်မျိုးရှိပါသည်။ မိခင်တစ်ဦးက မိမိရင်သွေးငယ်အား ချစ်ခင်မြတ်နိုးစွာ နို့ချိုတိုက်ကျွေးခြင်းမှာ လူသားတစ်ဦး၏ မွေးရာပါဗီဇအသိဉာဏ်ဖြစ်ပါသည်။ ဖခင်တစ်ဦးက မိမိရင်သွေးငယ်အား ချစ်ခင်မြတ်နိုးစွာ လုပ်ကိုင်ရှာဖွေ ကျွေးမွေးခြင်းသည်လည်း လူသားတစ်ဦး၏ မွေးရာပါဗီဇအသိဉာဏ်ပင် ဖြစ်ပါသည်။ မြန်မာ

ငါးမင်းခေ

တိုင်းရင်းသားတို့က ပြည်ထောင်စုမြန်မာနိုင်ငံ

ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်သ

တို့၏ မွေးရာပါဗီဇအသိဉာဏ် ဖြစ်ပါသည်။

မွေးရာပါဗီဇအသိဉာဏ် မည်မျှပင်ကောင်း

ဗီဇအသိဉာဏ်သည် ပတ်ဝန်းကျင်၏ရိုက်ခတ်

သည်။ ယခုအခါ ကျွန်တော်တို့ မြန်မာတိုင်းရင်

ကြီးကို ချစ်ခင်မြတ်နိုး ကာကွယ်စောင့်ရှော

အသိဉာဏ်တို့ကို အနောက်အုပ်စု နိုင်ငံကြီး

လျက်ရှိပါသည်။ ထိုနိုင်ငံတို့သည် ဒီမိုကရေစီ

ကျွန်တော်တို့၏ ပြည်ထောင်စုစိတ်ဓာတ်မျ

ပြိုကွဲပျက်စီးသွားအောင် သွေးထိုးသပ်လျှို

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင

မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်

တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ “အ

ကျွန်တော်တို့သည် ဒီမိုကရေစီကို လိုလား

ကရေစီရေးကို အကြောင်းပြပြီး ပြည်ထောင်

အကြံအစည်တို့ကို မြန်မာတိုင်းရင်းသားမျာ

မဟုတ်ပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရ

မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ

ကြီး၏ အသက်ခန္ဓာတည်မြဲရေးအတွက် မြ

အသက်ခန္ဓာနှင့် လဲလှယ်ကာကွယ်သွားကြ

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်

မြန်မာနိုင်ငံတော်ကြီးကို အခြေတည်ပေးခဲ့သေ

သည်မှာ ၆၁နှစ် တိတိပြည့်ပါပြီ။ ယနေ့ သ

မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ပင်လုံ

ရေးထိုးခဲ့သော တိုင်းရင်းသားခေါင်းဆော

ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသား ခေါင်းဆေ

စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များသည်

ထဲတွင် တည်ရှိနေပါသည်။ မိဘဘိုးဘွားများက

စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့်

အောင်မြင်စွာကျင်းပခဲ့ ပြီးစီးခဲ့ပြီ ဖြစ်ပါသ

ဆင်းသက်ခဲ့သော ပြည်ထောင်စု စိတ်ဓာတ်

အရင်းတည်ကာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေ

ရေးဆွဲနေပြီ ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်သော မြန်မာတိုင်းရင်းသားအပေါ
ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ကမ္ဘာ့အ
ထည်ထည်ဝါဝါဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ချမ်းသာလာရေးအတွက် အဖျက်ရန်
အသက်ပေးပြီး ရင်ဆိုင်တွန်းလှန်ဖယ်ရှားကာ လက်တွဲညီညီ အားသွန်ကြိုးပမ်းဆောင်ရွ

ည်ဆောက်ကြကုန်အံ့

ငါးမင်းဆွေ

တိုင်းရင်းသားတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်သည် မြန်မာ တိုင်းရင်းသား တို့၏ မွေးရာပါဗီဇအသိဉာဏ် ဖြစ်ပါသည်။

မွေးရာပါဗီဇအသိဉာဏ် မည်မျှပင်ကောင်းစေကာမူ ထိုကောင်းသော ဗီဇအသိဉာဏ်သည် ပတ်ဝန်းကျင်၏ရိုက်ခတ်ဖျက်ဆီးမှုကို ခံရတတ်ပါ သည်။ ယခုအခါ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတို့၏ ပြည်ထောင်စု ကြီးကို ချစ်ခင်မြတ်နိုး ကာကွယ်စောင့်ရှောက်လိုသော မွေးရာပါဗီဇ အသိဉာဏ်တို့ကို အနောက်အုပ်စု နိုင်ငံကြီးအချို့က ရိုက်ချိုးဖျက်ဆီး လျက်ရှိပါသည်။ ထိုနိုင်ငံတို့သည် ဒီမိုကရေစီအရေးကိုအကြောင်းပြကာ ကျွန်တော်တို့၏ ပြည်ထောင်စုစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ပြိုကွဲပျက်စီးသွားအောင် သွေးထိုးသပ်လျှို နေကြပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် ကျွန်တော် တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ “**အသက်ခန္ဓာ**” ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဒီမိုကရေစီကို လိုလားကြပါသည်။ သို့သော် ဒီမို ကရေစီရေးကို အကြောင်းပြပြီး ပြည်ထောင်စုကြီးကို ဖျက်ဆီးပစ်မည့် အကြံအစည်တို့ကို မြန်မာတိုင်းရင်းသားများက လုံးဝလက်ခံနိုင်မည် မဟုတ်ပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ပြည်ထောင်စု

မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ည်ထောင်စုကြီး ကမ္ဘာ့အလယ်တွင် အတွက် အဖျက်ရန် မှန်သမျှကို အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ကြီး၏ အသက်ခန္ဓာတည်မြဲရေးအတွက် မြန်မာတိုင်းရင်းသားတို့၏ အသက်ခန္ဓာနှင့် လဲလှယ်ကာကွယ်သွားကြရမည် ဖြစ်ပါသည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အခြေတည်ပေးခဲ့သော ပင်လုံစာချုပ်ချုပ်ဆိုခဲ့ သည်မှာ ၆၁နှစ် တိတိပြည့်ပါပြီ။ ယနေ့ သက်ရှိထင်ရှားရှိနေကြသော မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ပင်လုံစာချုပ်ကြီးကို လက်မှတ် ရေးထိုးခဲ့သော တိုင်းရင်းသားခေါင်းဆောင်တို့၏ မျိုးဆက်များပင် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသား ခေါင်းဆောင်တို့၏ ပြည်ထောင်စု စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များသည် ကျွန်တော်တို့၏ မျိုးရိုးဗီဇ ထဲတွင် တည်ရှိနေပါသည်။ မိဘဘိုးဘွားများကပေးခဲ့သော ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့ ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ မိဘဘိုးဘွားတို့က ဆင်းသက်ခဲ့သော ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းတည်ကာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲနေပြီ ဖြစ်ပါသည်။

ယခုအခါ ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်သော မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ကမ္ဘာ့ အလယ် တွင် ထည်ထည်ဝါဝါဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် ချမ်းသာလာရေး အတွက် အဖျက်ရန်မှန်သမျှကို အသက်ပေးပြီး ရင်ဆိုင်တွန်းလှန် ဖယ်ရှားကာ လက်တွဲညီညီ အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေ ကြပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်ထောင်စုသား ဒို့အင်အား

* ပင်လုံမြေသမိုင်းကြောင်း
ပေါင်းစည်းခြင်း နိမိတ်ပုံ
နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့
အောင်မြင်တဲ့အင်အား
တိုင်းရင်းသားတွေ ဖြစ်ကြတယ်။

* ဒို့မြေဒို့ပိုင်
ဒို့နိုင်ငံဖွံ့ဖြိုးရေး
ဒို့သွေးဒို့သား
ဒို့တိုင်းရင်းသားတွေ တည်ဆောက်တယ်။

* ပြည်မပြည်နယ်၊ ယှက်နွယ်လမ်းတံတား
တည်ဆောက်ထား၍၊ ဖောက်ကားရောင်းဝယ်
ကုန်သွယ်စီးပွား၊ တွင်ကျယ်သွားခဲ့
သားချင်းညီနောင်၊ တောင်ပေါ်မြေပြန့်
ခရီးဆန့်ကြ၊ ဘဝအသီးသီး
နားလည်ပြီးလျှင်၊ စည်းလုံးခိုင်မြဲ
လက်ချင်းတွဲလျက်၊ ခရီးဆက်မည်
ပြည်ထောင်စုသား၊ ဒို့အင်အား။

* တိုင်းရင်းသားတွေ၊ ညီညွတ်နေသမျှ
မြန်မာ့လူ့ဘောင်၊ ပြည်ထောင်စုကြီး
ခရီးအနာဂတ်၊ ရလဒ်အောင်ပွဲ
ခြိမ့်ခြိမ့်သဲမည်၊ တွဲသောလက်များ မခြကြစေ။

* ဒို့နိုင်ငံတွင်၊ ခိုင်မာပြဋ္ဌာန်း
ဦးတည်လမ်းသည်၊ “အေးချမ်းသာယာ
ခေတ်မီစွာဖြင့်၊ မြို့ရွာနယ်ပယ်
ပြည်နယ်ပြည်မ၊ ဘဝဖွံ့ဖြိုး
တိုးတက်ရမည်၊ ညီနောင်သားချင်း
တိုင်းရင်းသားတွေ၊ ခံစားခွင့်ရေး
တစ်ပြေးညီမျှ၊ ဖြစ်စေရမည်”
မြန်မာ့တစ်ခေတ်၊ သမိုင်းသစ်တွင်
အစဉ်အေးချမ်း၊ မေတ္တာလမ်းဖြင့်
ကမ်းလင့်ကြိုဆို၊ ညီအစ်ကိုနှောင်ရင်း
ညီညွတ်ခြင်းသည်၊ ပြည်ထောင်စုသား
ဒို့အင်အား။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုကြိုဆိုလျက်–

ကေတုနီလာ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံးစောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ် ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု တို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက် သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။



တရားပွဲများကျင်းပမည်

ရွှေရင်အေးဆရာတော်

ရန်ကုန်တိုင်း အင်းစိန်မြို့ ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ၏ (ပဓာနနာယက) ဘဒ္ဒန္တပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) ရွှေရင်အေး ဆရာတော်သည် ၁၃၆၉ခု တပို့တွဲလဆန်း ၁၀၊ ၁၁ရက်(ဖေဖော်ဝါရီ ၁၆၊ ၁၇ ရက်)တို့တွင် ခရမ်းမြို့ မြို့လယ်ဓမ္မာရုံ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက် ညတွင် သုံးခွမြို့ ရှစ်မျက်နှာစေတီတော်ပရိဝုဏ်အတွင်း ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်၌ လည်းကောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

မြိုင်ဆရာတော်

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၈ရက်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဓမ္မသဘင်၊ ၁၃ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ထူးကြီးတောင်ရွာ ဦးသန်းဝင်း–ဒေါ်စန်းမြင့် ရှင်ပြုအလှူဓမ္မသဘင်၊ ၁၆ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ စာပြန်ပွဲ သာသနာ့ဗိမာန်တော် ဓမ္မသဘင်၊ ၁၉ရက်တွင် အုတ်တွင်းမြို့ ဓမ္မသဘင်၊ ၂၀ရက်တွင် ကျွဲပွဲမြို့ ဓမ္မသဘင်၊ ၂၁ရက်တွင် နေပြည်တော်ရေဆင်း ဓမ္မသဘင်၊ ၂၂ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဆွမ်းသိမ်းအောင်ပွဲ ဓမ္မသဘင်၊ ၂၄ရက်တွင် မှော်ဘီမြို့ မိုးကုတ်ဝိပဿနာရိပ်သာဓမ္မာရုံ ရေစက်ချဓမ္မသဘင်နှင့် မတ် ၁ရက်၊ ၂ရက်နှင့် ၃ရက်တွင် စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ နောင်ကံရွာ ရွာဦးကျောင်းဆရာတော်၏ အန္တိမအဂ္ဂိဈာပနဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အမှတ် (၅) ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)နှင့် မြိုင်ဆရာတော် ဖုန်း–၀၉–၅၀–၄၇၇၆၁တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်သည်။

(က–ပ)

အမှတ် ၉၉/၁၀၁ (၆)ဘီ နှင်းဆီကုန်းလမ်း အလုံမြို့နယ်နေ ဦးမြင့်ထွန်း–ဒေါ်ဆွေဆွေဦး၊ သား မောင်ထက်မြတ်ထွန်းလင်း မိသားစုက မောင်ထက်မြတ်ထွန်းလင်း မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ခြောက်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။

(က–ပ)

ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးအား အမှူးထား၍ ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ သီရိမန္တဆရာတော်က ကြီးမှူး၍ (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ရက်) ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၇ရက်တွင် ပါဠိကာရီ အရှင်အဂ္ဂိသ၊ ၁၈ရက်တွင် ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ ဆရာတော်တို့က ညစဉ် ၇နာရီမှစတင်၍ တရားပွဲများကို ဟောကြားမည်ဖြစ်သည်။

လှူဒါန်းနိုင်

သို့ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂန္ဓကုဋိယူနိကာလာ ကျောင်းဆောင်တော်မြတ် ရေစက်ချလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၌ ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်၏ သက်တော် (၅၀)ပြည့်ကို ပူဇော်သောအားဖြင့် ယူနီကာလာမိသားစု ဆောက်လုပ်လှူဒါန်းသော ဂန္ဓကုဋိ ယူနီကာလာ ကျောင်းဆောင်တော်ကြီး ရေစက်သွန်းချလှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၀ရက်၊ ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့)နံနက်၉နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကုသိုလ်ကောင်းမှု အတူတကွပြုနိုင်ကြရန်အတွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ပြည်လမ်းမကြီး ခေတ္တပိတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင်ကျရောက်သော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ရန်ကုန်တိုင်းအဆင့် အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သဖြင့် ယင်းနေ့ နံနက် ၆နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာထားသည်။

(သတင်းစဉ်)

သထုံမြို့နယ်၌ မြေသားလမ်းဖောက်လုပ်

ရန်ကုန် ဖေဖော်ဝါရီ ၉

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်လမ်းဖြစ်သော တောကြီးကျေးရွာနှင့် သောင်ကြီးကျေးရွာ ဆက်သွယ်သော မြေသားလမ်း အရှည် ပေ၇၉၂၀၊ အကျယ် ၁၈ပေရှိ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၆ရက်က အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအေးမင်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူ၂၀ သေဆုံး၊ အများအပြား ဒဏ်ရာရ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ချာဆာဒါမြို့တွင် ဖေဖော်ဝါရီ ၉ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၁၅မိနစ်က အင်အားပြင်းထန်သော ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူ၂၀သေဆုံးပြီး အများအပြားဒဏ်ရာ ရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ဗုံးခွဲတိုက်ခိုက်

ချာဆာဒါမြို့၌ အဝါမီအမျိုးသားပါတီက လူထုစည်းဝေးပွဲတစ်ရပ် ကျင်းပစဉ် ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်ပြီး သေဆုံးသူဦးရေ များပြားကြောင်း ပါကစ္စတန်ရဲအရာရှိများက ပြောကြားသည်။

ပြည်ထောင်စုအားမာန်

- **အိုပြည်ထောင်စုဖွား တိုင်းရင်းသားတို့၊ ဒို့များလက်သည် တွဲလျက်ညီညာ၊ နိုင်မြဲပါ၍ မြန်မာရယ်ဟု၊ တွင်ကျယ်မှုနှင့် ကျိုးပြုရပ်တည်၊ ကာလရှည်ခဲ့ တည်ကြည်စိတ်ထား၊ ဆတိုးပွား၍ ကွဲပြားမရှိ၊ သိပ်သည်းဘိ၏။**
- **အားအင်သိပ်သည်း၊ ထင်းအစည်းသို့ စုစည်းခိုင်မာ၊ ရှိသောခါဝယ် သူငါလာချိုး၊ မကျိုးမပျက် တောင့်ခံလျက်မို့၊ လက်ပြောင်း၍သာ ချိုးစမ်းပါစေ၊ ခိုင်မာမှုများ စွမ်းပကားသို့၊ အင်အားမချို့ အောက်မကျို့သော၊ ငါတို့ပြည်ထောင် ခေါင်းမော့ထောင်၍၊ စွမ်းဆောင်ချက်များ အထင်ရှားနှင့်၊ အားချင်းဖက်ပြိုင် ယှဉ်တုနိုင်၍၊ ကြံ့ခိုင်ပြည့်စုံ အမျိုးဂုဏ်ကို၊ ယုံကြည်လေးနက် ဖော်ဆောင်လျက်တည့်။**
- **စိတ်ဓာတ်ရေးရာ၊ မနိုင်းသာသော ငါတို့လူမျိုး၊ ဘုန်းတန်ခိုးကား ကောင်းကျိုးပွားစည်၊ မြန်မာပြည်ဟု တံ့တည်ထည်ဝါ၊ တင့်တယ်စွာနှင့် မြင်သာထင်သာ၊ အစဉ်အလာကောင်းများ ပြည့်နေတကား။ ။**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

မောင်ရည်တင့်(မအူပင်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၀–၂–၂၀၀၈)ရက် နှင့် (၂၄–၂–၂၀၀၈)ရက်

အင်တာနက် အားကစားဖောင်ပိတ်

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ရလဒ်

ဗီလာ	၄ – ၁	နယူးကာဆယ်
ဘော်လ်တန်	၀ – ၁	ပို့စ်မောက်
ဒါဘီ	၀ – ၃	စပါး
အဲဗာတန်	၁ – ၀	ရက်ဒင်း
မစ်ဒယ်ဘရော့	၁ – ၀	ဖူလ်ဟမ်
ဆန်းဒါးလန်း	၂ – ၀	ဝီဂန်
ဝက်စ်ဟမ်း	၁ – ၁	ဘာမင်ဂမ်

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၂–၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	**'ဘာတွေကိုအလိုရှိလို့ လှူကြတာလဲ'တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)**
၈း၀၅ – ၂း၀၅	Soccer Update
၈း၂၀ – ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ – ၂း၂၅	Sunday Talk [မောင်မြင့်ကြွယ် (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်)၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ဦးအောင်မိုး (မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်)]
၉း၂၀ – ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ – ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ – ၃း၃၅	မွန်ရိုးရာ ဝတ်စားဆင်ယင်မှု
၉း၄၀ – ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ – ၃း၄၅	ရှေးဟောင်းအမွေ ဆည်ကန်ရေ စိမ်းစိုလန်းဖြာ မြကန်သာ
၉း၅၅ – ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၅ – ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ – ၄း၁၀	ဆံတော်ရှင်ထံပူဇော် ဆီမီး(၅၀၀၀)အလှူတော်
၁၀း၂၅ – ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ – ၄း၃၀	ရိုးရာအလုပ်မှာ နီးတောင်း နီးဖျာ
၁၀း၄၅ – ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ – ၄း၅၅	အလှကိုယ်စီရှိကြသည် (အကယ်ဒမီ ထက်ထက်မိုးဦး၊ ပိုင်သိခ်၊ ရိတ၊ နှင်းအိဝင်း) ဒါရိုက်တာ–ဝေဠု(ဝဿန်)
၁၁း၀၅ – ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ – ၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ – ၅း၁၅	Euro Goals
၁၁း၃၅ – ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ – ၅း၄၀	ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ပြင်ဦးလွင်မြို့(အပိုင်း–၂)
၁၂း၀၅ – ၆း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂း၂၅ – ၆း၂၅	လွင်မိုးခရီးသွားနေသည် (အပိုင်း–၃)
၁၂း၅၅ – ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Man Utd-Man City	ESPN(Live)
၁၀း၂၅	Chelsea-Liverpool	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	AC Milan-Siena	5 Cartoon(Live)
၂း၀၀	Catania-Inter Milan	5 Cartoon(Live)

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ဗိုလ်လုပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Cameroon-Egypt	Euro Sport(Live)

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရားလည်းဖူးရင်း ဒေသန္တရပဟုသုတလေ့လာရှာမှီးနိုင်တဲ့ မြေလတ်ဒေသ မင်းဘူးက မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်

သတင်းဆောင်းပါး – သိန်းထွန်းအောင် (မြန်/ဆက်)   စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံမှာ ရက်ရှည်လများ ကျင်းပတဲ့ ဘုရားပွဲတော်များအနက် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော် သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မန်းရွှေစက်တော်ဟာ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်အတွင်းမှာတည်ရှိပါတယ်။ ရှေးအခေါ် နမ္မဒါမြစ် ယခုအခေါ် မန်းချောင်း အနီးတည်ရှိတဲ့အတွက်မန်းရွှေစက်တော် လို့ ခေါ်ဝေါ်ကြခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ ခြေတော်ရာကို နောင်လာနောက်သား ဝေနေယျ သတ္တဝါအပေါင်း ဗုဒ္ဓကိုယ်တော်မြတ်ရဲ့ ကိုယ်စား ထပ်တူထပ်မျှ ကြည်ညိုနိုင်စေဖို့ မြတ်ဗုဒ္ဓရဲ့ခြေတော်ရာသုံးဆူကို သုံးနေရာမှာ ခတ်နှိပ်ချထားပေးခဲ့ခြင်း ဖြစ်ပါတယ်။

ခြေတော်ရာ

ပထမဦးဆုံး ခြေတော်ရာချထားပေးခဲ့တဲ့ နေရာကတော့ ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူပြီး ရှစ်ဝါမြောက် အကြာ မဏိအက္ခိက နဂါးမင်း ပင့်လျှောက်တဲ့ အတွက် နောက်ပါသံဃာငါးရာနဲ့အတူ လင်္ကာဒီပ (သီဟိုဠ်ကျွန်း)သို့ ကြွရောက် တော်မူပါတယ်။ သုမန (သမန္တကုဋ) တောင်ထိပ်အရောက်မှာ သုမနနတ်မင်း က တောင်းပန်လျှောက်ထားလို့ ပထမ ဦးဆုံးအကြိမ် ဝဲဘက် ခြေတော်ရာ တစ်ဆူကို ချထားတော်မူပါတယ်။

ဗုဒ္ဓဘုရားရှင် ဝါတော်၂၀မှာ မဟာ ပုဏ္ဏမထေရ်မြတ် လျှောက်ထား ပင့်ဖိတ် ချက်အရ သာဝတ္ထိပြည်ဇေတဝန်ကျောင်း တော်မှ မြန်မာရဋ္ဌသုနာပရန္တ တိုင်း (ယခုအခေါ် မင်းဘူးခရိုင်၊ ပွင့်ဖြူ မြို့နယ်၊ လယ်ကိုင်းကျောင်းတော်ရာ ဒေသ)ကို ဒေသစာရီ ကြွမြန်းရောက် ရှိပါတယ်။ ဗုဒ္ဓဘုရားရှင်ဟာ လယ်ကိုင်း ကျောင်းတော်ရာ စန္ဒကူးနံ့သာကျောင်း တော်ကြီးမှာ ဝေနေယျ အပေါင်းကို တရားအမြိုက်ဆေး တိုက်ကျွေးအပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် အပြန်ခရီးမှာ နမ္မဒါမြစ်ကမ်းစပ်ရှိ(ယခု မန်းချောင်း) နမ္မဒါနဂါးမင်း လျှောက် ထား တောင်းပန်တဲ့အတွက် ဒုတိယ အကြိမ် ဝဲဘက်ခြေတော်ရာတစ်ဆူကို ခပ်နှိပ်ချထားပေးခဲ့ပါတယ်။ ထိုမှတစ် ဖန် နမ္မဒါမြစ်ကမ်းနဖူး သစ္စဗန္ဓတောင် တော်ထိပ်မှာ သစ္စဗန္ဓ ရဟန္တာ တောင်း ပန် လျှောက်ထားပြန်တဲ့အတွက် တတိယအကြိမ် ဝဲဘက်ခြေတော်ရာ တစ်ဆူကို ခပ်နှိပ်ချထားပေးခဲ့ပါတယ်။

ကြည်ညိုပူဇော်

နမ္မဒါမြစ်ကမ်း (မန်းချောင်း)မှာ ဒုတိယအကြိမ် ချထားပေးခဲ့တဲ့ ဗုဒ္ဓခြေ တော်ရာကို အောက်ခြေတော်ရာဟု လည်းကောင်း၊ သစ္စဗန္ဓတောင်ထိပ်မှာ တတိယအကြိမ် ချထားပေးခဲ့တဲ့ ခြေတော် ရာကို အထက်ခြေတော်ရာဟုလည်း ကောင်း၊ ယခုတိုင်ကြည်ညိုပူဇော်လျက် ရှိကြပါတယ်။

အထက်စက်တော်ရာကို ကြည်နူးဖွယ် ဖူးတွေ့ရသည်မှာလည်း…။

မြန်မာနိုင်ငံရှိ အထက်စက်တော်ရာနဲ့ အောက်စက်တော်ရာ ပါဒနှစ်ဆူဟာလည်း မြန်မာ့ဗုဒ္ဓဂယာအဖြစ် ကြည်ညိုပူဇော်နိုင်

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာဒေသဟာ မြတ်ဗုဒ္ဓဘုရားရှင် သီတင်းသုံးရာ ဗုဒ္ဓဌာန များဖြစ်သကဲ့သို့ **မြန်မာနိုင်ငံရှိ အထက်စက်တော်ရာနဲ့ အောက်စက်တော်ရာ ပါဒနှစ်ဆူဟာလည်း မြန်မာ့ဗုဒ္ဓဂယာ အဖြစ် ကြည်ညိုပူဇော်နိုင်**တဲ့ ဗုဒ္ဓဒေသ များဟု ဆိုနိုင်ပါသည်။

ရှင်မဟာရဋ္ဌသာရရဲ့ ရွှေစက်တော် တောလားမှာ **"တောင်ရိုက်ကမ်းဆင်၊ ကုန်းကျင်းချောင်းမြောင်း၊ မြောက်တောင် မှိုင်းဝေသစ်ပင်တွေတွင်၊ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ခြင်း ခိုက်ထိ၊ စောင်းကြိုးညှိသို့"**ဟု ပါရှိသည့်အတိုင်း မန်းရွှေစက်တော်ဝန်းကျင်ရဲ့ တောတောင် သဘာဝသာယာလှပပုံကိုလည်း ယခုတိုင် တွေ့မြင်ခံစားနိုင်ပါတယ်။

ထိန်းသိမ်းထား

နိုင်ငံတော်အနေဖြင့်လည်း ရွှေစက် တော်ဒေသ သဘာဝဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်တို့ကို ထိန်းသိမ်းထားနိုင်ဖို့ သစ် တောဝန်ကြီးဌာနက ရွှေစက်တော်ဘေးမဲ့ တောနယ်မြေအဖြစ် ၂၁၃၃သမင်စတုရန်း မိုင် ၁၃၆၅၇၆ ကေကို စနစ်တကျ ကာကွယ်ထိန်းသိမ်းလျက် ရှိပါတယ်။ ၁၉၈၂ခုနှစ်က စတင်ပြီး ကြားခံနယ်မြေ စတုရန်းမိုင် ၁၀၀ ဒသမ ၆မိုင် (၆၄၃၈၄ ဧက) တိုးချဲ့ပြီး မင်းဘူး(စကု)၊ ပွင့်ဖြူ ငဖဲ၊ စေတုတ္တရာမြို့နယ်များအတွင်း ရွှေ စက်တော်ဘေးမဲ့တောအဖြစ် သတ်မှတ် ထားရှိတာကြောင့် အလွန်ရှားပါးလှတဲ့ မြန်မာ့ရွှေသမင် မျိုးမသုဉ်းစေဖို့ သိပ္ပံ နည်းကျ ကာကွယ်ထိန်းသိမ်းနေမှုများ ကိုလည်း လေ့လာနိုင်ပါတယ်။

ရွှေစက်တော် ဘုရားဖူးခရီးစဉ်နှင့် အတူ မြေလတ်ဒေသရှိ မကွေးတိုင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုများနဲ့ ဒေသန္တရဗဟုသုတ များကို တွေ့ရှိလေ့လာနိုင်မှာ ဖြစ်ပါတယ်။ မြေလတ်ဒေသ မြို့တော်မကွေးမြို့မှာ သာသနာ့သမိုင်းဝင် မြသလွန်စေတီနဲ့ ဧရာဝတီမြစ် အနောက်ဘက်ကမ်း ဗုဒ္ဓ မြတ်စွာဘုရား ကျိန်းစက်နားနေခဲ့ရာဖြစ်တဲ့ မင်းဘူးမြို့ရှိ စက္ကိန်းတဲစေတီ၊ ဘုရားရှင် တရားမြိုက်ဆေး တိုက်ကျွေးခဲ့ရာ စန္ဒကူးနံ့သာကျောင်းတော်ကြီးတည်ရှိခဲ့ရာ ကျောင်းတော်ရာ စေတီကြီးကိုလည်းကောင်း၊ သာသနာ ၂၅၀၀ကို ရည်စူးပြီး သစ်တောရေးရာဝန်ကြီးဌာနက စိုက်ပျိုးထားရှိတဲ့ စန္ဒကူး အပင် ၂၅၀၀ ရှင်သန်နေမှုများကိုလည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာနရဲ့ ယဉ်ကျေးမှုနယ်မြေ စကုဒေသရှိစေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားဘုရားများနဲ့ ရှေးဟောင်းကျောင်းတော်ကြီး များကိုလည်းကောင်း ရွှေစက်တော်ခရီးစဉ်နှင့်အတူ ကြည်ညို သဒ္ဓါပွားနိုင်ကြမှာ ဖြစ်ပါတယ်။

သွားရောက်နိုင်

မကွေးတိုင်းအတွင်း ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ရှစ်မြို့နယ်နဲ့ အနောက်ဘက်ခြမ်းရှိ ၁၇မြို့နယ်၊ မြို့တစ်မြို့ စုစုပေါင်း ၂၆မြို့နယ်အတွက်အရှေ့၊ အနောက်၊ တောင်၊ မြောက် လိုရာခရီး သွားရောက်နိုင်ဖို့ နိုင်ငံတော်က ပေ၁၈၀ နှင့်အထက်တံတားကြီးပေါင်း ၁၆စင်း ပေ(၁၀၀မှ၁၈၀)အထိ ငါးစင်း၊ ပေ (၂၀မှ ၁၀၀)အထိ အစင်း ၁၀၀တည်ဆောက်ပေး ထားတဲ့အပြင် မကြာသေးခင်က ဖွင့်လှစ်ပေးလိုက်တဲ့ ပွင့်ဖြူ မြို့နယ်ရှိ မုန်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားတဲ့ မယ်ဇလီတံတားကြီးက ပုသိမ်–မုံရွာလမ်းမကြီးနဲ့ ဆက်စပ်ပြီး မကွေးတိုင်းမှ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ မင်းဘူး–အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတံတား (မကွေး)ကို ဖြတ်သန်းပြီး ဧရာဝတီမြစ် အရှေ့ဘက်ရှိ တိုင်းနှင့်ပြည်နယ်များကို အချိန်တိုအတွင်း လွယ်ကူစွာ ဆက်သွယ်ထားရှိတဲ့အတွက် မင်းဘူးက မန်း ရွှေစက်တော်ကို နိုင်ငံတစ်နံတစ်လျားလမ်းကြောင်းများစွာက သွားရောက်နိုင်ပြီ ဖြစ်ပါတယ်။

ခေတ်သစ် ရွှေစက်တော်သွား တောလားတစ်ပုဒ် ရေးထုတ်မယ်ဆိုပါလျှင် တောလားအပိုဒ်ပေါင်းများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။ ဘုရားဖူးရင်း ဒေသန္တရလေ့လာရင်း လက်တွေ့ မြင်တွေ့ရမှုများက **"ပီတိ"**နဲ့**"အမှန်"**ကိုဖြစ်စေပါတယ်။

မန်းရွှေစက်တော် ဂေါပကအဖွဲ့ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ အနီးကပ်ကြီးကြပ်မှုကို ခံယူကာ ရွှေစက်တော်ဂေါပကဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သူရအမှူးပြုတဲ့ ဂေါပကအဖွဲ့ဝင်၁၈ဦးဖြင့် မန်းရွှေစက်တော်ရဲ့ ဗုဒ္ဓ၊ ဓမ္မ ဝေယျာဝစ္စလုပ်ငန်းများနဲ့ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စီစဉ်ထား

ယခုနှစ်မှာ မန်းရွှေစက်တော်ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်အေးချမ်းမြေ့စွာ ပူဇော်ကြည်ညိုနိုင်ရေး၊ တည်းခိုဆောင်ပေါင်း ၅၀၀ကျော်၊ စားသောက်ဆိုင်နဲ့ ဈေး ဆိုင်ပေါင်း ၆၀၀ကျော်ထားရှိကြောင်း၊ ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူများရဲ့လုံခြုံရေး၊ ကျန်းမာရေး၊ ဆက်သွယ် ရေးနဲ့ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကိုစနစ်တကျစီမံထား ရှိကြောင်း၊ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ ဗုဒ္ဓစက် တော်ရာ ပါဒနှစ်ဆူနဲ့စေတီကို ရွှေသင်္ကန်းကပ်လှူပူဇော်နိုင် ရေးအတွက်လည်းအထက်စက်တော်ရာ၊အောက်စက်တော်ရာ တို့မှာ ကပ်လှူပူဇော်နိုင်ရေး စီစဉ်ထားရှိကြောင်း သိရပါတယ်။

ယခုနှစ်မန်းစက်တော်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၁ရက်(၁၃၆၉ခုနှစ်တပို့တွဲလဆန်း၅ရက်နေ့)မှာ စည်ကားသိုက်မြိုက်စွာစတင်ဖွင့်လှစ်ကျင်းပမှာဖြစ်တဲ့အတွက် မြေလတ်ဒေသ မင်းဘူးက မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖူးမြော်ကြည်ညိုနိုင်ရေး မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်က ရဟန်းရှင်လူပြည်သူအပေါင်းကို စိတ်စေတနာ ကောင်းဖြင့် ဖိတ်မန္တက ပြုလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အောက်စက်တော်ရာကို ဤသို့သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ထေရဝါဒ အထူးဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၄/၁ရပ်ကွက် မေတ္တာလမ်းရှိ မေတ္တာရှင် ထေရဝါဒ ဗုဒ္ဓဘာသာပြန့်ပွားရေး ဓမ္မစာကြည့်တိုက်၏ နှစ်ပတ်လည် ပထမအကြိမ် အထူး တရားပွဲကို ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့)တွင် အရှင် ဇဝန(မေတ္တာရှင်–ရွှေပြည်သာ) ဆရာတော်ကလည်းကောင်း၊ ၁၃ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်–အင်းမ) ဆရာတော်က လည်းကောင်း၊ ၁၄ရက်တွင် ဘဒ္ဒန္တပဏ္ဍိတမဟာဓမ္မာစရိယ (M.A. Buddhism) ဆရာတော်တို့က လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ၁၄/၁ရပ်ကွက် မေတ္တာလမ်းမ သာသနာ့ဟိတကာရီဓမ္မာရုံရှေ့တွင် ညစဉ်၇နာရီမှစ၍ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကိုဟောကြားမည်ဟု သိရ သည်။ (က–ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တက္ကသိုလ် ၁၉၇၉ခုနှစ် ဘူမိဗေဒဘွဲ့ရကျောင်း သားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် မေလတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ် ပါ၍ ကျောင်းသားဟောင်းများအနေဖြင့် ဦးသိန်းမင်းဇော် ဖုန်း–၀၁–၅၈၀၆၆၉၊ ဦးထွန်းထွန်းဝေ ဖုန်း–၀၁–၂၉၉၀၈၅၊ ဦးဝင်းခိုင် ဖုန်း–၀၉–၅၁–၆၀၀၆၉၊ ဦးလှမော် ဖုန်း–၀၉–၅၀–၁၀၆၀၈၊ ဦးသန်းရွှေ ဖုန်း–၀၁–၅၄၈၂၀၉၊ ဦးအောင် ကျော်လှ ဖုန်း–၀၁–၇၀၉၀၉၄၊ ဦးဇော်ဝင်းညွှန့် ဖုန်း–၀၁– ၅၆၆၁၃၃၊ ဦးဇော်လင်း ဖုန်း–၀၁–၅၀၈၁၀၁၊ ဦးမင်းချစ်စိန် ဖုန်း– ၀၁–၅၄၆၄၀၉ Ext:404၊ ဦးတင်ဝင်း ဖုန်း–၀၁– ၂၂၅၇၄၇၊ ဦးသိန်းလွင် ဖုန်း–၀၁–၂၉၉၅၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ထေရီမဂ္ဂင်ကျောင်းဆောင်သစ် ရေစက်ချပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဆယ်မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာ ဣတ္ထိသယရှာမကြီးကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်ဦးနာရဒ(၆)နှစ်ပြည့် အထိမ်း အမှတ် တရားနှင့်ပူဇော်ကျွေးမွေးဆပ်၍ ထေရီမဂ္ဂင်ကျောင်း ဆောင်သစ်ရေစက်ချပွဲကို ဖေဖော်ဝါရီ ၁၈ရက်(တနင်္လာနေ့) နံနက်၈နာရီမှ၁၁နာရီအထိ အဆိုပါကျောင်းတိုက်၌ ကျင်းပ မည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ကြပါရန် ဝေယျာဝစ္စ အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

၁၉၉၄–၂၀၀၇ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ များ၏ အာစရိယပူဇော်ပွဲကို မတ်၂ရက် နံနက်၉နာရီတွင် ဆရာစံပလာဇာတာဝါ(ဘီ) ပထမထပ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများမပျက် မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုစိုးဝင်းသိန်း ဖုန်း–၀၉–၅၀–၁၂၈၅၈၊ ကိုမိုးလွင် ဖုန်း– ၀၉–၅၁–၂၉၁၃၁၊ မသဇင် ဖုန်း–၂၉၈၂၂၄၊ မလဲ့လဲ့ယု ဖုန်း– ၀၆၇–၄၂၀၄၂၈၊ မအေးမင်းမြတ် ဖုန်း–၀၉–၅၁–၇၄၅၀၇၊ မြတ်လင်းကို ဖုန်း–၀၉–၅၃–၅၀၂၅၇၊ ညိုမီလှိုင် ဖုန်း– ၅၆၄၀၆၁၊ ကိုတင်မောင်နီ ဖုန်း–၀၉–၅၁–၄၆၆၅၇နှင့် ကိုကို လတ် ဖုန်း–၂၂၈၈၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သရက်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

သရက်အသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက် နှစ်ပတ် လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်လိပ်ကန်အနီးရှိ သစ်လုပ်ငန်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် သရက်နယ်သူ နယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်များနှင့်၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ ၏ သားသမီးများစာရင်းကို ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံး ထား၍ စာရင်းပေးပို့ပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်သက်သက်ဆွေ(ဂုဏ်ထူးဆောင်နာယက) ဖုန်း–၅၇၇၁၂၆၊ ဦးသိန်းဘော် (ဒုတိယဥက္ကဋ္ဌ)ဖုန်း–၇၂၀၈၈၀၊ ဦးလှထူး ကျော်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၆၆၂၂၀၇၊ ၀၉–၈၀–၃၁၈၂၅၊ ဗိုလ်မှူးစန်းအောင် (ငြိမ်း) သရက် ဖုန်း–၀၆၈–၂၁၃၇၁၊ ဦးသိန်းရွှေ(ဗဟန်း) ဖုန်း–၅၄၆၉၁၅၊ ဦးလှမြင့် (စမ်းချောင်း) ဖုန်း–၅၁၆၅၀၂၊ ဒေါ်တင်တင်မြင့် ဖုန်း–၂၁၄၁၀၈၊ ဒေါ်မြ မိုးနှင်း (အင်းစိန်) ဖုန်း–၆၄၃၆၀၇၊ ဒေါ်မြင့်မြင့် ဖုန်း– ၅၄၂၇၂၆၊ ၅၄၅၇၄၃၊ ဦးနေဦး ဖုန်း–၀၉–၅၁–၂၈၄၃၄၊ ဦးခင်မောင်လွင် ဖုန်း–၃၈၉၉၁၇၊ ၀၉–၅၁–၀၁၀၆၀၊ ဦးစိုးလှ မြင့် (မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သရက်) ဖုန်း–၀၆၈–၂၁၀၅၈၊ ဒေါ်သန်းသန်းဌေး အမှတ်– ၃၀၃၊ ၂/(A) ပထမထပ်၊ မဟာဗန္ဓုလလမ်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယမန်နေ့ညနေ ၃နာရီက နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း၌ တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် အမှတ်(၇)တည်းခိုရေးစခန်း၌ ဖွင့်လှစ်ထားသော ကျန်းမာရေးဦးစီးဌာန ဆေးကုခန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆေးကုခန်းနှင့် ယာယီဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးရာကော်မရှင်မှညွှန်ကြားသည် လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးရာကော်မရှင် အမှုဆောင်အတွင်းရေးမှူး၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဝေလင်းသည် ဖေဖော်ဝါရီ ၆ရက် ညပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ ဆောင်သို့ လာရောက်တွေ့ဆုံပြီး ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်း သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ရခိုင်သဟာယအသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁နာရီက ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ နာယကအသင်းဝင် သက်ကြီး ၂၆ဦးအား အသင်းဝင်များက ကန်တော့ကြပြီး ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့်အသင်းဝင်များ၏ သားသမီး၊ မြေး ၁၆ဦး၊ အမျိုးသားစာပေဆု၊ ပါရဂူဘွဲ့ကို ထူးချွန်စွာအောင်မြင်ခဲ့သူနှင့် ပြည်ပအားကစားပွဲတွင် ဆုရရှိသူတို့အား ဆုများချီးမြှင့်ကြသည်။

ရွေးချယ်

ထို့နောက် နာယကဦးဘရွှေက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌအဖြစ် ဦးကျော်ဇံလှအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ပေါင်းလောင်းတမံလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီက မော်တော်ယာဉ်များဖြင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းရေလှောင်တမံအား သွားရောက်လေ့လာ ကြည့်ရှုကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ပေါင်းလောင်းရေလှောင်တမံ၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက ပေါင်းလောင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များကိုယ်စား လေ့လာရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွင်ထွန်းက လေ့လာရေးအထိမ်းအမှတ်အလံကို ဒုတိယညွှန်ကြားရေးမှူးထံပေးအပ်ပြီး ပေါင်းလောင်းရေလှောင်တမံအား လှည့်လည် ကြည့်ရှု လေ့လာကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မော်လမြိုင်မြို့ ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော်စိုက်ထူပူဇော်ခြင်း ပန္နက်တော်တင်

ရန်ကုန် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ဦးဇိနဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ဩဝါဒပါတိမောက် ခမ္မစေတီ ကျောက်စာတော်စိုက်ထူပူဇော်ခြင်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၃ရက် နံနက် ၆နာရီခွဲက အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်သောကြာထောင့်၌ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ရွှေပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသာထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး စေတီတော်ဩဝါဒါစရိယ ရွှေပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်ကြီးကိုးပါးတို့က ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော်စိုက်ထူပူဇော်ရေးအတွက် ပန္နက်တော် တင်ပေးတော်မူကြသည်။ (အပေါ်ပုံ)

ထို့နောက် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများနှင့် ဩဝါဒပါတိမောက် ခမ္မစေတီ ကျောက်စာတော်တို့အတွက် မွန်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်နှင့်ဇနီး ဒေါ်အေးအေးချစ် မိသားစုတို့က ကျောက်စာတော်နှင့် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၉

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အမှတ်(၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်း တည်ရှိရာ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ရန်ကုန်မြို့နေ ပုသိမ်မြို့ အထကကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၅)နှစ်ပြည့်ပြီး သက်ကြီး ဆရာ ဆရာမကြီးများ၊ ကန်တော့ခံသက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့် အထက် ရာသက်ပန်အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်မိသားစုများ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူဖြင့် လည်းကောင်း၊ ပုသိမ်အသင်း(ရန်ကုန်)သို့ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည် ဖြစ်သည်။ လှူဒါန်းလိုပါက ပုသိမ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်သာမြို့ အမှတ် (၃၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရ မောင်ကျော်ဇောဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကြူက ဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်မာနိုင်ငံ [illegible] ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနက [illegible] တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအောင်မြင်ရေး သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒ

[illegible] ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ [illegible] ရူပဗေဒဘာသာရပ် [illegible]

(၁)	၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ [illegible] ၂၀၀၇ ခုနှစ် [illegible]
(၂)	[illegible] Concept [illegible] Definition [illegible] Formula [illegible] Example [illegible] Question and Problem [illegible] Illustration [illegible]
(၃)	Section (A) မှာ Answer All Questions [illegible] No.1 မှာ Fill in the blanks (၄)မှ No.2 မှာ True (or) False (၄)[illegible]
(၄)	Section (B) မှာ Answer any FOUR Questions [illegible] No.10 မှ No.15 အထိ (၆)[illegible] Section (B) [illegible] Section (B) မှာ [illegible]

[illegible]

အခန်း(၁)	Power [illegible] Power, Mechanical advantage, Velocity Ratio, Efficiency [illegible] Definition [illegible] Mechine, Simple machine, input work, output work, Elascity, Elastic Limit, Stress, Strain [illegible] Concept [illegible]
အခန်း(၂)	[illegible] Pressure [illegible] Pressure, Atmospheric pressure, liquid pressure, upward trust, Archimedes' principle, Pascal's law [illegible]
အခန်း(၃)	[illegible] Transfer of Heat [illegible] Heat Conduction, Heat Convection, Radiation, Stephan-Boltzmann's Law, Black body, total emissive power [illegible]
အခန်း(၄)	[illegible] vibration of strings, resonance and vibrational air columns [illegible] Waves in a vibrating string, waves in an open organ pipe, Waves in a closed organ pipe [illegible]
အခန်း(၅)	Concave mirror, Convex mirror [illegible] diagram [illegible]
အခန်း(၆)	[illegible] Refraction [illegible] refraction, Laws of refraction, lens, lens formula [illegible] diagram, definition, problems [illegible]
အခန်း(၇)	[illegible] Optical instrument [illegible] eye, camera, microscope, compound microscope, telescope, astronomical telescope [illegible]
အခန်း(၈)	[illegible] Coulomb's Law [illegible] electric field [illegible]
အခန်း(၉)	[illegible] electric potential [illegible] Electric potential, Electric potential difference, equipotential surface [illegible]
အခန်း(၁၀)	[illegible] Capacitor [illegible] Capacitor, Capacitance, dielectric constant, parallel plate capacitor, capacitor in parallel, in series, Energy stored in a capacitor [illegible]
အခန်း(၁၁)	[illegible] Electric Circuit [illegible] Resistance [illegible] resistor [illegible] Series, Parallel [illegible] Electromotive force [illegible] battery [illegible] series, parallel [illegible] Current [illegible] effect [illegible] heating effect, chemical effect, magnetic effect [illegible] Ammeter, Voltmeter [illegible]
အခန်း(၁၂)	[illegible] Electrical power, Joule's law [illegible]
အခန်း(၁၃)	Electricity and magnetism [illegible] Magnet, electromagnet, solenoid, magnetic field of solenoid, moving coil galvanometer, moving coil ammeter, moving coil voltmeter, transformer, conduction coil [illegible]
အခန်း(၁၄)	[illegible] Modern Physics [illegible] Electronics [illegible] Atomic Physics [illegible] Electronics [illegible] Vacuum tube [illegible] triode [illegible] Semiconductor, function diode, transistor, IC [illegible] Radioactivity [illegible] Radiations [illegible] Electronic devices [illegible] CRO, TV, Radio, Computer [illegible]

[illegible]
၁။ [illegible]
၂။ Text Book [illegible]
(က) Laws, Principles, Definitions [illegible]
(ခ) Examples, Problems [illegible]
(ဂ) Diagrams [illegible] Label [illegible]

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ မက်မန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော စည်ပင်သာယာရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၀၇-၂၀၀၈ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၃ရက်က တိုက်ကြီးအထက အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲ၌ ဘာသာစုံဂုဏ်ထူးရ မသစ်ဟန်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဖန်နဝါရီ ၁၄ရက်က စစ်ကိုင်းမြို့ ကုန်းရွာ(၁) ကျေးရွာရေပေးဝေသော ရေကာတ်ပြင်ဆင်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းတောင်စံပြကျေးရွာမှ ပေစာနှင့် ပုရပိုက်များအား စာရင်းပြုစုမှတ်တမ်းတင်

သတင်းမှတ်စု – မောင်တွေးထက်

စာရင်းပြုစုမှတ်တမ်းတင်

မောင်းတောင်စံပြကျေးရွာ၌ ပေစာများနှင့် ပုရပိုက်များအား စာရင်းပြုစုမှတ်တမ်းတင်မှုကို ဤသို့ဆောင်ရွက်ကြသည်။

ရန်ကုန် ဖေဖော်ဝါရီ ၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စစသည်တို့နှင့် ပတ်သက်သော အထောက်အထားများနှင့် အချက်အလက်များပါရှိသည့် မှတ်တမ်းမှတ်ရာများကိုမပျက်စီး၊ မပျောက်ပျက်စေရန် ထာဝစဉ်လုံခြုံစွာ ထိန်းသိမ်းရာဌာနဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနများက ကိုးကားရန်အတွက်သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းက ကိုးကားရန်သော်လည်းကောင်း၊ သုတေသီများက ကိုးကားရန်အတွက်သော်လည်းကောင်း မှီငြမ်းကိုးကားရန်နှင့် စနစ်တကျအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မှတ်တမ်းတင်ရိုက်ကူး

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မျိုးနှင့် သမိုင်းပညာရှင် ဒေါက်တာတိုးလှတို့၏ စီစဉ်မှုဖြင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းတောင်စံပြကျေးရွာ ရွှေစားကန်ကျောင်းတိုက်နှင့် ကုန်းသာကျောင်းတိုက်(အနောက်တိုက်)အတွင်းမှ ပေစာများနှင့် ပုရပိုက်များအား လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွေးညွှန့်နှင့် ပါရဂူ(ကျမ်းပြု)သမိုင်းအထူးပြုများဖြစ်ကြသော ဦးစီးအရာရှိ ဒေါ်ခင်စောအေး၊ဦးစီးအရာရှိ ဒေါ်ခင်မို့မို့လှိုင်၊ မော်ကွန်းထိန်းလက်ထောက်–၂ ဒေါ်လတ်လတ်စိုးနှင့် မော်ကွန်းထိန်း လက်ထောက်–၂ဒေါ်ဥမ္မာလင်းတို့ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ၁၂ ရက်တိုင် ပေစာများနှင့်ပုရပိုက်များအား စာရင်းပြုစုခြင်းနှင့် ဒီဂျစ်တယ်ကင်မရာဖြင့် မှတ်တမ်းတင် ရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်

အဆိုပါပေစာနှင့် ပုရပိုက်များအား စာရင်းပြုစုခြင်းနှင့် ဒီဂျစ်တယ်ကင်မရာဖြင့် မှတ်တမ်းတင် ရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသောအဖွဲ့ဝင်များအား ရွှေစားကန်ကျောင်းတိုက်ဆရာတော် ဦးပညာဇောတ၊ ကုန်းသာကျောင်းတိုက် ဆရာတော်ဦးအာဒိစ္စနှင့် မောင်းတောင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် ဦးဇော်မောင်မောင်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၁၈ ရက်က မန္တလေးမြို့ မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် အရေးပေါ် မီးသတ်ရေငုတ်များ ရေရရှိမှု အခြေအနေကို မန္တလေး မြို့တော်စည်ပင် သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူး ချုပ်ဖုန်းဇော်ဟန်က ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၉ဝ)

ဖျာပုံမြို့၌ အရဏ်ဆွမ်းလောင်းလှူ

ဖျာပုံမြို့ ဖေဖော်ဝါရီ ၆

ဖျာပုံခရိုင် ဖျာပုံမြို့မ ဆွမ်းလောင်းအသင်းမှ စေတနာရှင်ပြည်သူတို့၏ လှူဒါန်းမှုဖြင့် ကျောင်းပေါင်း ၆၀ ကျော်မှ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား ဝါပကာလအတွင်း နေ့စဉ် အရုဏ်ဆွမ်းလောင်းလှူလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မိသားစု၏ အရဏ်ဆွမ်း လောင်းလှူပွဲကို ဖျာပုံမြို့ ရတနာ့သိဒ္ဓိ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်၊ အတွင်းရေးမှူးဦးဘုန်းမြင့်နှင့် ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးကြိုင်တို့ ဦးဆောင်၍ တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များက အရုဏ်ဆွမ်း လောင်းလှူကြကြောင်း သိရသည်။ **(၁၅၅)**

အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က ကျေးလက်တုံကင်တွင်းများ ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးပြည့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၃၀ ရက်က အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဗဟိုလမ်းရှိသတင်းကောင်း အသင်းတော်တွင် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးပေးရာ(W.H.O)မှ အကြံပေးပါမောက္ခ ဒေါက်တာရွှေအိုး၊ ရန်ကုန်တိုင်းကျန်းမာရေးကူးစက်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်အေးအေးငြိမ်းနှင့်အဖွဲ့၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ရွှေနှင့်အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ကျန်းမာရေးဌာနမှ ဆရာဦးလှကျော်နှင့် လူမှုရေးအဖွဲ့ဝင်များ စုပေါင်းပါဝင်၍ ကာကွယ်ဆေးထိုးနှံပေးစဉ်။ (က–ပ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

ဈေးပြိုင်ချိပ်ပိတ်တင်ဒါအမှတ် – ၁/ ၂၀၀၈

၁။ ရောင်းချမည့်ပစ္စည်း	– အဆင့်ချပြီး အသုံးမလိုတော့သည့် ပီပါခွံဟောင်း
၂။ ရောင်းချမည့်နေရာ–	
(က) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်တွေမြို့။	– ပီပါခွံဟောင်း ၂၆၉ လုံး
(ခ) မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း သံတွဲမြို့။	– ပီပါခွံဟောင်း ၃၂၉ လုံး
၃။ စပေါ်ငွေနောက်ဆုံးလက်ခံမည့် နေ့ရက်နှင့်အချိန်	– ၂၂–၂–၂၀၀၈ ရက် မွန်းတည့် ၁၂း၀၀ နာရီ။
၄။ တင်ဒါနောက်ဆုံးလက်ခံမည့် နေ့ရက်နှင့် အချိန်	– ၂၂–၂–၂၀၀၈ ရက် ၁၅း၀၀ နာရီ။

၅။ တင်ဒါဆွဲဝယ်ယူလိုသူသည် ၁၁–၂–၂၀၀၈ ရက်မှ ၂၂–၂–၂၀၀၈ ရက် ရုံးချိန်အတွင်း ပစ္စည်းစီမံရေးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်နှင့် အထက်ဖော်ပြပါဌာနများတွင် စုံစမ်းဆောင်ရွက်နိုင်ပါသည်။

နေပြည်တော်–ဖုန်း–၀၆၇–၄၁၀၂၂၇၊ ၀၆၇–၄၁၀၂၆၁၊
စစ်တွေ–ဖုန်း–၀၄၃–၂၃၃၉၉၊ ၂၃၃၈၇၊
သံတွဲ–ဖုန်း–၀၄၃–၆၅၃၁၀။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် –၂၁၊ နည်းဥပဒေ–၂၂)
ရန်ကင်းမြို့နယ်တရားမရုံးတော်၌
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ် ၄၃နှင့်ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် –၁

ဦးဇော်မင်း	**နှင့်**	**၁။ ဒေါ်ခင်တင့်**
ဒီကရီအနိုင်ရသူ		**၂။ ဒေါ်လွင်လွင်မော်**
		တရားရှုံး

အမှတ် ၆၄၊ စိန်ပန်းမြိုင်လမ်း၊ ၉ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်ခင်တင့်၊ ဒေါ်လွင်လွင်မော် သိစေရမည်။

၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဇော်မင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ခုနှစ် မတ်၄ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဌေး
မြို့နယ်တရားသူကြီး
ရန်ကင်းမြို့နယ်တရားရုံး။

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တပ်မတော်သည် နိုင်ငံတော်နှင့်တိုင်းရင်းသားတို့အတွက် အခြေခံကောင်းများတည်ဆောက်ပေးပြီးဖြစ် နိုင်ငံတော်တွင် တပ်မတော်မှတာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန်သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပပေးမည်

ရှေ့ဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၂/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ရက်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်)

၁။ တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက် အုံကြွမှုများကြောင့် နိုင်ငံတော်၏တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ရပါသည်။

၂။ ထိုအချိန်မှစ၍ ပျက်ပြားသွားသော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိအောင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခဲ့သည့်နည်းတူ ပြည်သူများအနေဖြင့် ပရိယေသနဝမ်းစာရှာဖွေမှုကို လွတ်လပ်အေးချမ်းစွာ လုပ်ကိုင်နိုင်ရန်လည်း ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုပြီး ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်း၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို အစုအဖွဲ့အလိုက် တည်ဆောက်ပေးခြင်း၊ တစ်မျိုးသားလုံးအတွက် စားရေရိက္ခာ ဖူလုံစိတ်ချရစေရန် ဘက်ပေါင်းစုံမှဆောင်ရွက်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေရန် စီမံဖော်ဆောင်ခြင်းတို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ပါသည်။

၄။ ထို့အပြင် စိုက်ပျိုးရေးနိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်ပိုင်းမှ စက်မှုလုပ်ငန်းကြီးများ တည်ထောင်ဆောင်ရွက်ပြီး ပုဂ္ဂလိကပိုင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်လည်း စက်မှုဇုန်များထူထောင်၍ အားပေးခဲ့ပါသည်။

၅။ နိုင်ငံတော်တွင် ပြည်သူတို့၏ဆန္ဒနှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရန်အတွက် ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတို့နှင့် လက်တွဲဆောင်ရွက်ပေးခဲ့ပါသည်။

၆။ နိုင်ငံတော်အတွင်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့်နည်းတူ တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်သွယ် သွားလာနိုင်ရေးအတွက် ရေခြားမြေခြား အဟန့်အတားများကိုဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် တည်ဆောက်ပေးခဲ့ပါသည်။

၇။ နိုင်ငံတော်အတွင်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကွာဟမှုနည်းနိုင်သမျှနည်းစေရန်အတွက် အထူးဒေသကြီး (၂၄)ခု သတ်မှတ်၍ တက္ကသိုလ်များ၊ ကျောင်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့အတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အထူးကုဆေးရုံကြီးများ၊ ဆေးရုံများနှင့် ကျေးလက်ဆေးရုံများကို တိုးချဲ့မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၈။ ဤကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားတို့အတွက် အခြေခံကောင်းများ ဖြစ်ပေါ်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း အခြေခံလိုအပ်သည့် တည်ဆောက်မှုများကိုမူ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

၉။ ထိုသို့ အခြေခံကောင်းများကို တည်ဆောက်ပေးပြီးဖြစ်သည့်အတွက် နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန်သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အသီးတစ်ရာ
အညာတစ်ခု
ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❐ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မွန်ပြည်နယ် — စာ - ၇
❐ ပြည်ထောင်စုကိုအသက်ပေး၍ ကာကွယ်စောင့်ရှောက်တည်ဆောက်ကြကုန်အံ့ — ငါးမင်းဆွေ ၏ ဆောင်းပါး (စာ– ၈၊ ၉)
❐ ပြည်ထောင်စုသား ဒို့အင်အား — ကေတုနီလာ ၏ ကဗျာ (စာ–၉)
❐ ပြည်ထောင်စုစိတ်ဓာတ် — ဝင်း၏ ကာတွန်း (စာ–၉)
❐ ပြည်ထောင်စုအားမာန် — မောင်ရည်တင့် (မအူပင်) ၏ ကဗျာ (စာ–၁၀)